ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့၊ (30-7-2007) (၅၁၉၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရိုကိုနိုင်ငံအကြီးအကဲထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဇူလိုင်   ၃၀

၂၀၀၇ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရိုကိုနိုင်ငံအကြီးအကဲ ဆဋ္ဌမမြောက် မိုဟာမက်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုမှ ကပ်လှူသော ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့က ပိဋကသုံးပုံ နိကာယ်စာသင်တိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်း

ရန်ကုန်   ဇူလိုင်   ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်မိသားစုမှ ကပ်လှူသော ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပိဋကသုံးပုံ နိကာယ်စာသင်တိုက်ကြီး၌ ကျင်းပသော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ တိပိဋကစာအောင် သာသနာ့အာဇာနည် အရှင်မြတ်သုံးပါး ချီးကျူးပူဇော်ပွဲနှင့် သာသနာ့နုဂ္ဂဟအဖွဲ့၏ လူပုဂ္ဂိုလ် ၁၀ ဦးတို့အား ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားတွင် ပိဋကသုံးပုံ နိကာယ်စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ပိဋကသုံးပုံနိကာယ်စာသင်တိုက်ကြီး၏ ပဓာနနာယက ရွှေရတု တိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သာသနာ့နုဂ္ဂဟအဖွဲ့၏ လူပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပိဋကသုံးပုံ နိကာယ်စာသင်တိုက် ပဓာနနာယက ဆရာတော် ရွှေရတုတိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် တိပိဋကစာအောင် သာသနာ့အာဇာနည် အရှင်မြတ်သုံးပါး၏ ထေရုပ္ပတ္တိအကျဉ်းကို တိပိဋက သစ္စာသာမဏ အရှင်ပညိန္ဒက ဖတ်ကြားပူဇော်သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများက လှူဒါန်းသည့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ပိဋကသုံးပုံနိကာယ်စာသင်တိုက် ပဓာနနာယကဆရာတော် ရွှေရတုတိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဇနီး၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ *

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများမှ ကပ်လှူသော ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပိဋကသုံးပုံ နိကာယ် စာသင်တိုက် ပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၀-၇-၂၀၀၇
(တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်၏ စိတ်ရင်းကောင်း စေတနာမှန်ကိုယုံကြည် ငြိမ်းချမ်းရေးနှင့် လက်နက်များ စွန့်လွှတ်အပ်နှံလဲလှယ်

ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင်ဦးစီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင် ၁၃၇ ဦးတို့၏ ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို ဇူလိုင်လ ၂၆ ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ် ဘန်းယဉ်စံပြ ကျေးရွာတွင် ကျင်းပခဲ့သည်။

ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) သည် ယခင်က ဒေသစွဲ လူမျိုးစွဲအမြင်ဖြင့် နိုင်ငံတော်အစိုးရကို နှစ်ပေါင်းလေးဆယ်ကျော် ဆန့်ကျင်တိုက်ခိုက်ခဲ့ရာမှ ၁၉၉၄ ခုနှစ်တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည်။

တစ်ချိန်သောအခါက ရှမ်းပြည်နယ်တစ်ခွင်သည် လက်နက်ကိုင် ပဋိပက္ခများကြောင့် ငြိမ်းချမ်းမှုမရှိ၍ ပြည်သူများ ကျီးလန့်စာစား ဘဝဖြင့် ပင်ပန်းဆင်းရဲစွာ နေထိုင်လုပ်ကိုင် စားသောက်ခဲ့ကြရသည်။ ယနေ့ကာလတွင် နိုင်ငံတော်၏ ဖြောင့်မတ်မှန်ကန်သည့်သဘောထား လုပ်ဆောင်ပေးမှုများနှင့်အတူ တိုင်းရင်းသားခေါင်းဆောင်များ လက်တွဲဆောင်ရွက်လျက်ရှိရာ ငြိမ်းချမ်းရေးအကျိုးရလဒ်များ ဖြစ်ထွန်းရရှိနေပြီဖြစ်သည်။

ယနေ့အချိန်အခါတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ခြင်းဖြင့်သာ ထာဝရ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ လက်နက်စွဲကိုင်ပြီး ဒီမိုကရေစီပန်းတိုင်သို့ ချီတက်ခြင်းထက် လက်နက်မပါဘဲ ချီတက်ခြင်းကသာ ပိုမိုဆီလျော်ပေသည်။

ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) အနေဖြင့် အဆိုပါ အခြေအနေအရပ်ရပ်ကို ကောင်းစွာသုံးသပ် သိရှိလာမှုကြောင့် မည်သူ့တိုက်တွန်းချက်မျှမပါဘဲ နှစ်ပေါင်းများစွာ ကိုင်စွဲလာခဲ့သည့် လက်နက်များကို နိုင်ငံတော်အစိုးရသို့ အပြီးအပိုင် အပ်နှံလိုက်ခြင်းဖြစ်သည်။

နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်စိုင်းပြင်းနေကြချိန်တွင် ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)က နိုင်ငံတော်၏ စိတ်ရင်းစေတနာ မှန်ကို ယုံကြည်သဖြင့် ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်လိုက်ခြင်းသည် ဒေသခံပြည်သူများ၏ ငြိမ်းချမ်းလုံခြုံမှုရှိသော လူနေမှုဘဝကို ဖြည့်ဆည်းပေးလိုက်ခြင်း ဖြစ်ပါသည်။ ။

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်ဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့နေ ဒေါ်ခင်ကြည် မိသားစုက ကျပ် ၃၀၀၀၀၊ ဒေါ်ချိုချိုခိုင်၊ နွယ်ကျော်စိုး၊(မြေး)ခန့်ကျော်ဇံ မိသားစုက ကျပ်၃၀၀၀၀၊ ဒေါ်မြင့်မြင့်အေး မိသားစုက ကျပ် ၂၀၀၀၀၊ ဦးအောင်ကျော်ဇော-ဒေါ်မော်မော်သင်းအောင်(သမီး) သင်းသီရိဇော် မိသားစုက အမေရိကန်ဒေါ်လာ ၁၁ ဒေါ်လာ၊ ဗိုလ်ကြီးဝင်းတင်(ငြိမ်း)-ဒေါ်ခင်မြမိသားစုက ကျပ် တစ်သိန်း၊ ဦးကျော်ခင်-ဒေါ်သန်းဝင်းမိသားစုက ကျပ် တစ်သိန်းတစ်ထောင် စုစုပေါင်း ကျပ်နှစ်သိန်းရှစ်သောင်းတစ်ထောင်နှင့် အမေရိကန်ဒေါ်လာ ၁၁ ဒေါ်လာတို့ကို ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင် ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)ရှေ့မှောက်၌ လှူဒါန်းရာ ဒေါ်မြင့်မြင့်အေး လက်ခံရယူစဉ်။ (က-ပ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမိသားစု၏(၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့်ဇနီး ဒေါ်မကြည်စိန်တို့အား အမှူးထား၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မိသားစု၏ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၈ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် လယ်ဝေး သရက်တော ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ ဒုတိယဝန်ကြီး ဦးကျော်စိုး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နေပြည်တော်ပျဉ်းမနား ဝိပဿနာကျောင်းတိုက် ဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တပညာဇောတထံမှ ပရိသတ်တို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဝန်ကြီးဦးသောင်း၊ ဒုတိယဝန်ကြီး ဦးကျော်စိုးနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်တို့က ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နေပြည်တော် လယ်ဝေး သရက်တော ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုမာရထံမှ ပရိသတ်တို့က အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဝန်ကြီးဦးသောင်းနှင့် ဒုတိယဝန်ကြီးများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန မိသားစုများ၏ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ဇနီးတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အာမခံ)

မြန်မာ့အာမခံလုပ်ငန်း၏ နဝမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) အဆောက်အအုံ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် သိမ်တော်ကြီး ကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်နှင့် သံဃာတော်များအား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သိမ်တော်ကြီး ကျောင်းတိုက် ဆရာတော်က သာဓု အနုမောဒနာတရားတော်နှင့် ရေစက်ချတရားတို့ကို ဟောကြားတော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (က-ပ)

စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ၂၀၀၇-၂၀၀၈ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဇူလိုင်၉ရက်တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက စက်ဘီးစက်ရုံ စီမံရေးရာဌာနမှ ဗိုလ်ကြီးလှဝင်းအား စီမံကိန်း ရည်မှန်းချက်တာဝန် ပေးအပ်သည်။ **(အောက်ပုံ)**ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (မြို့နယ်စီမံကိန်းဦးစီးမှူး) ဦးစိုးလှိုင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကံဝင်းတို့က ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများထံ စီမံကိန်းတာဝန် အသီးသီး ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၉

ဥမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဩဂုတ် ၁၂ရက် တနင်္ဂနွေနေ့ (၁၃၆၉ခု ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်)နံနက် ၈ နာရီမှ ၁၂နာရီအထိ ရခိုင်ပြည်နယ် ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန် မြို့ပေါ်ရှိ ဥမြို့နယ်သူ၊ မြို့နယ်သားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ရန် ဖိတ်ကြားထားသည်။ ကုသိုလ်ပါဝင် လှူဒါန်းလိုသူများသည် ဦးချစ်မောင် ဖုန်း-၀၉-၅၀ ၁၄၂၈၃၊ ဦးထွန်းအုံ ဖုန်း-၅၄၀၅၁၄၊ ဦးညွန့်ရင် ဖုန်း-၅၉၀၃၀၅၊ ဦးချစ်သိန်း ဖုန်း-၅၀၄၇၆၅၊ ဒေါ်ခင်မူ ဖုန်း-၅၂၆၁၀၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြတ်ဗုဒ္ဓ၏ တရားဦး

ငွေးလွင်(ဆားလင်းကြီး)

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖဝါး
ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်
မဟီအပေါင်း၊ တိုက်တစ်သောင်းမှ
ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား
ဝါဆိုလပြည့်၊ စနေနေ့ဝယ်
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို
နှုတ်မြွက်ထွေပြား ဟောဖော်ကြားသည်
တရားနတ်စည်ရွမ်းတယ်ကို။ ။

လယ်တီဆရာတော်

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓဟူးနေ့) ည၌ အရုဏ်မတက်မီ ဝိသာခါ နက္ခတ်နှင့်ယှဉ်၍ လောကသုံးပါးတွင် အတုမဲ့ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ဗောဓိပင်၏ အနီးဖြစ်သော ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့၍ ဖလသမာပတ် ချမ်းသာကို ခံစားတော်မူ၍ ခုနစ်ရက်ပတ်လုံး သီတင်းသုံး စံတော်မူသည်။ ပလ္လင်္ကသတ္တာဟဟု ခေါ်သည်။

ပလ္လင်တော်မှ ထတော်မူ၍ ဗောဓိပင်မှ အရှေ့မြောက် ၁၄ လံကွာသောအရပ်၌ ရပ်တော်မူ၍ မမိုတ်သော မျက်စိဖြင့် ရွှေပလ္လင်တော်ကို ကြည့်ရှု၍ စံတော်မူ၏။ အနိမိသသတ္တာဟဟု ခေါ်ဆိုသည်။ ထို့နောက် ဗောဓိပင်မှ အတောင်နှစ်ဆယ်ခြား သောအရပ်၌ နတ်တို့ ဖန်ဆင်းအပ်သော ရတနာစင်္ကြံ၌ ခုနစ်ရက် ပတ်လုံး စင်္ကြံကြွတော်မူ၏။ စင်္ကမသတ္တာဟဟု ခေါ်၏။ ထို့နောက် စတုတ္ထရတနာဃရသတ္တာဟ၊ ပဉ္စမအဇပါလသတ္တာဟ၊ ဆဋ္ဌမုစလိန္ဒ သတ္တာဟ၊ သတ္တမရာဇာယတနသတ္တာဟတို့၌ ခုနစ်ရက်စီ စံတော်မူသည်။ ဤသို့ သတ္တဋ္ဌာန၌ ၄၉ ရက်စေ့လျှင် တစ်ဖန် ဝါဆိုလဆန်း ၆ ရက်(ကြာသပတေးနေ့)၌ အဇပါလ ညောင်ပင်ရင်းသို့ ပြန်၍ကြွတော်မူ၏။ ထိုအခါ "ငါသိအပ်သော တရားတော်သည် အလွန်သိမ်မွေ့နက်နဲ၏။ ငါဘုရား ဟောကြားသော်လည်း သတ္တဝါတို့ မသိနိုင်ရာ"ဟု တရားမဟောရန် စိတ်အကြံ ဖြစ်တော်မူသည်။ ထိုအကြံကို သဟမ္ပတိဗြဟ္မာကြီးသိ၍ တရားဟောတော်မူရန် တောင်းပန်လျှောက်ထားလေသည်။

အဋ္ဌမသတ္တာဟဖြစ်သော အဇပါလ ဆိတ်ကျောင်း ညောင်ပင်ရင်း၌ ခုနစ်ရက်နေတော်မူပြီး သုံး၊ လေးရက်မျှ ဗောဓိပင်အနီးဖြစ်သော ရွာနိဂုံးတို့၌ ဆွမ်းခံဘုဉ်းပေးတော်မူပြီး ဝါဆိုလပြည့်နေ့တွင် ဗောဓိပင်မှ ၁၈ ယူဇနာကွာသော ကာသိတိုင်း ဗာရာဏသီပြည်သို့ ကြွတော်မူ၏။ ဗာရာဏသီပြည်၏အနီးဖြစ်သော မိဂဒါဝုန်တောသို့ ဓမ္မစကြာတရား ဟောတော်မူရန် ခြေကျင်ခရီးဖြင့် ကြွတော်မူသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ (စနေနေ့)ည အနောက်လောကဓာတ်၌ နေတစ်ခြမ်းဝင်စ၊ အရှေ့လောကဓာတ်မှ လဝန်း ထွက်ပေါ်လာသောအချိန်တွင် ဗုဒ္ဓမြတ်စွာသည်–

"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ" အစရှိသော တရားဦးဓမ္မစကြာကို ဟောတော်မူသည်။ မြတ်ဗုဒ္ဓတရားဦးဓမ္မာစကြာကို ဟောတော်မူခဲ့သည်မှာ နှစ်ပေါင်း ၂၅၉၆ နှစ်ရှိခဲ့လေပြီ။ **တရားဦး ဓမ္မစကြာကား မြတ်ဗုဒ္ဓ၏ တရားဦးဖြစ်ရုံသာမက ဗုဒ္ဓဝါဒကို ကြေညာ၍ ၄၅ ဝါပတ်လုံး ဟောကြားတော်မူအပ်သော တရားတော်၏ အနှစ်ချုပ်တရားတော်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် တရားဟောတော်မူတိုင်း သစ္စာလေးပါးတရားတော်ကို အထွတ်တပ်၍ ဟောတော်မူသည်။ ဓမ္မစကြာကား သစ္စာလေးပါးတရားကို ဟောကြားခြင်း ဖြစ်သည်။**

ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီအချိန်က လောကတွင် ကျင့်စဉ်နှစ်ပါးကို ကျင့်သုံးလျက်ရှိကြသည်။ အတ္တကိလမထာနုယောဂအကျင့်နှင့် ကာမသုခလ္လိကာနုယောဂ ကျင့်စဉ်ဖြစ်သည်။ အတ္တကိလမထာနုယောဂ ကျင့်စဉ်ဟူသည် ခန္ဓာကိုယ်ကို ပင်ပန်းဆင်းရဲအောင် ညှဉ်းဆဲနေပါက ကိလေသာတွေ ခန်းခြောက်လိမ့်မည်ဟု ကျင့်သောအကျင့်ဖြစ်သည်။ ဗုဒ္ဓလောင်းလျာ၏ ဒုက္ကရစရိယာ အကျင့်သည် အတ္တကိလမထာနုယောဂ အကျင့်ပင်ဖြစ်သည်။ ထိုအကျင့် ကျင့်စဉ်က တရားထူးကို မရရှိခဲ့ပေ။ ကာမသုခလ္လိကာနုယောဂ အကျင့်ကား ကာမဂုဏ်တို့ကို ခံစားနေရလျှင် လောကနိဗ္ဗာန်ဟု ယူဆ၍ ကျင့်သောအကျင့် ဖြစ်သည်။ ဘုရားအလောင်းတော်၏ ၁၃ နှစ်လုံး ထီးစည်းစိမ်၊ နန်းစည်းစိမ်ကို ယသောဓရာအမှူးပြုသော မောင်းမမိဿံများဖြင့် စံစားနေသည်မှာ ကာမသုခလ္လိကာနုယောဂ အကျင့်ဖြစ်သည်။ ထီးနန်းစည်းစိမ်ကို ခံစားစဉ်ကလည်း အမှန်တရား သစ္စာလေးပါးကို မသိမမြင်ခဲ့ပေ။

ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာက တရားဦးဓမ္မစကြာတွင် **"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"** ရဟန်းတို့ နှစ်ပါးကုန်သော အယုတ်တရားတို့ကို ရဟန်းဖြစ်သူသည် မမှီဝဲအပ်ဟု ဦးစွာဟောကြားတော်မူသည်။ ထိုအကျင့်တရားနှစ်ပါးတို့ကို ကိုယ်တိုင်ကျင့်သုံးခဲ့ရာ တရားထူးကို မရနိုင်ကြောင်း လက်တွေ့အနေအထားဖြင့် ဟောကြားသည်ဟု ဆိုရပေမည်။

ကာမသုခလ္လိကာနုယောဂကျင့်စဉ်သည် လက်ယာလမ်းဖြစ်၍ အတ္တကိလမထာနုယောဂကျင့်စဉ်ကား လက်ဝဲလမ်းဖြစ်သည်။ ကာမသုခလ္လိကာနုယောဂအကျင့်ကို ဟီနော–ယုတ်သော အကျင့်၊ ဂါမ္မော–ရွာသူ၊ ရွာသားတို့၏ အကျင့်၊ ပေါထုဇ္ဇနိကော–ပုထုဇဉ်တို့၏ အကျင့် စသည်ဖြင့် အပြစ်ကို ပြတော်မူသည်။

အတ္တကိလမထာနုယောဂအကျင့်ကိုလည်း ဒုက္ခော–ဆင်းရဲသောအကျင့်၊ အနရိယော–အရိယာ သူတော်ကောင်းတို့၏ အကျင့်မဟုတ်၊ အနတ္ထသံဟိတော–အကျိုးစီးပွားနှင့်မစပ်သော အကျင့် စသည်ဖြင့် အပြစ်ကို ပြတော်မူသည်။ ငါဘုရားသည် ကာမသုခလ္လိကာနုယောဂ လက်ယာလမ်းနှင့် အတ္တကိလမထာနုယောဂ လက်ဝဲလမ်းအကျင့်တို့ကို မလိုက်မူ၍ ငါဘုရားသည် ထိုးထွင်း၍ သိအပ်သော မဇ္ဈိမပဋိပဒါအကျင့်သည်–

စက္ခုကရဏီ–ဉာဏ်မျက်စိ အမြင်ကို ကြည်လင်စေသည်။

ဉာဏကရဏီ–ဉာဏ်အမြင်ကိုပြုတတ်သည်။

ဥပသမာယ–ကိလေသာတို့ကိုငြိမ်းအေးစေသည်။

အဘိညာယ–ထူးသောမဂ်ဉာဏ်ကိုသိခြင်းငှာ၊

သမ္ဗောဓာယ–သစ္စာလေးပါးတရားကို ထိုးထွင်း၍သိခြင်းငှာ ဖြစ်သည်စသည်ဖြင့် မဇ္ဈိမပဋိပဒါအကျင့်၏ ဂုဏ်ရည်တို့ကို ဖော်ကျူးမိန့်တော်မူသည်။ အတ္တကိလမထာနုယောဂလက်ဝဲအစွန်းနှင့် ကာမသုခလ္လိကာနုယောဂ လက်ယာအစွန်းနှစ်စုတို့၏ အလယ်၌ဖြစ်၍ မဇ္ဈိမပဋိပဒါအလယ်ဖြစ်သောကျင့်စဉ်ဟု အမည်ပေးတော်မူသည်။

မဇ္ဈိမပဋိပဒါကျင့်စဉ်ဟူသည် မဂ္ဂင်ရှစ်ပါးပင်ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးကား–

သမ္မာဒိဋ္ဌိ–မှန်ကန်သောအမြင်(ပညာ)

သမ္မာသင်္ကပ္ပ–မှန်ကန်သောအကြံ

သမ္မာဝါစာ–မှန်ကန်သောပြောဆိုမှု

သမ္မာကမ္မန္တ–မှန်ကန်သောအလုပ်

သမ္မာအာဇီဝ–မှန်ကန်သောအသက်မွေးမှု

သမ္မာဝါယမ–မှန်ကန်သောအားထုတ်မှု

သမ္မာသတိ–မှန်ကန်သော(ကောင်းသော)အမှတ်ရမှု

သမ္မာသမာဓိ–မှန်ကန်သောတည်ကြည်မှု(သမာဓိ)

တို့ဖြစ်သည်။ မှန်ကန်သောအမြင်(ပညာ)ရှိမှ မှန်ကန်သော အကြံဖြစ်သည်။ မှန်ကန်သောအကြံရှိမှ မှန်ကန်သော ပြောဆိုမှုဖြစ်မည်။ မှန်ကန်သောပြောဆိုမှုရှိမှသာ မှန်ကန်သော အလုပ်ဖြစ်ပေမည်။ မှန်ကန်သောအလုပ်ရှိမှသာ မှန်ကန်သော အသက်မွေးမှုရှိပေမည်။ မှန်ကန်သော အသက်မွေးမှုရှိသူသည် မှန်ကန်သောအားထုတ်မှု ဝီရိယရှိပေမည်။ မှန်ကန်သောအလုပ်တို့ကိုလုပ်နေသူအား မှန်ကန်သောအမှတ်ရမှုသတိရှိနေမည်။ မှန်ကန်သော သတိရှိမှသာ မှန်ကန်သော တည်ကြည်မှု သမာဓိရှိမည်မှာ မလွဲပေ။

တရားဦး ဓမ္မစကြာတရားတော်ကို အချုပ်အားဖြင့် ကြည့်လျှင်–

၁။ အတ္တကိလမထာနုယောဂအကျင့်

၂။ ကာမသုခလ္လိကာနုယောဂအကျင့်နှစ်ပါးကို ရှောင်ရှား၍

၃။ မဇ္ဈိမပဋိပဒါခေါ် မဂ္ဂင်ရှစ်ပါးအကျင့်ကို ကျင့်သုံးရန် ဖြစ်သည်။

ဓမ္မစကြာ၌ မဂ္ဂင်ရှစ်ပါးကို ဦးစွာဟောတော်မူပြီး ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ သစ္စာလေးပါးသရုပ်ကိုဟောတော်မူပါသည်။

ဒုက္ခသစ္စာသည် အကျိုးသစ္စာဖြစ်၍ သမုဒယသစ္စာကားဒုက္ခဖြစ်ကြောင်း အကြောင်းသစ္စာဖြစ်သည်။ နိဗ္ဗာန်သည် နိရောဓသစ္စာဖြစ်၍ နိရောဓသစ္စာသို့ ဆိုက်ရောက်လိုပါက မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာကို ပွားများရပေမည်။ မဂ္ဂင်ရှစ်ပါးကို လောကီမဂ္ဂင်အနေဖြင့်ကျင့်သုံးပါက လူ့ဘဝ၊ လူ့လောက၏ အကျိုးတရားကို စွမ်းဆောင်နိုင်ကြောင်း တရားဦးအနှစ်ချုပ်အနေဖြင့် ရေးသားတင်ပြအပ်ပါသတည်း။ ။

ဒုက္ခသစ္စာသည် အကျိုးသစ္စာဖြစ်၍ သမုဒယသစ္စာကားဒုက္ခဖြစ်ကြောင်း အကြောင်းသစ္စာဖြစ်သည်။ နိဗ္ဗာန်သည် နိရောဓသစ္စာဖြစ်၍ နိရောဓသစ္စာသို့ ဆိုက်ရောက်လိုပါက မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာကို ပွားများရပေမည်။ မဂ္ဂင်ရှစ်ပါးကို လောကီမဂ္ဂင်အနေဖြင့် ကျင့်သုံးပါက လူ့ဘဝ၊ လူ့လောက၏ အကျိုးတရားကို စွမ်းဆောင်နိုင်။

တိုယိုတာကား ကုမ္ပဏီက ထုတ်လုပ်လိုက်သည့် လျှပ်စစ်သို့မဟုတ် လောင်စာဆဲလ်ဖြင့် မောင်းနှင်နိုင်သော ကားတစ်စီးကို ဇူလိုင် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်ဝန်း မတည်မငြိမ်ဖြစ်ပေါ်ရန် လုပ်ဆောင်မှု အမေရိကန်အစိုးရကို ဂေါ်ဘာချက်ဗ် ဝေဖန်

မော်စကို ဇူလိုင် ၂၈

အမေရိကန်အစိုးရက နိုင်ငံရေးအရ အင်ပါယာထူထောင်ရန် ကြိုးပမ်းခြင်းဖြင့် ကမ္ဘာတစ်ဝန်းတွင် မတည်မငြိမ်ဖြစ်ပေါ်ရန် လုပ်ဆောင်လျက်ရှိကြောင်း ဆိုဗီယက်သမ္မတဟောင်း မီခေးလ်ဂေါ်ဘာချက်ဗ်က ဝေဖန်လိုက်ကြောင်း ရိုက်တာသတင်း တစ်ရပ်တွင် ဖော်ပြသည်။ စစ်အေးကာလပြီးဆုံးသွားခဲ့ပြီးနောက် အမေရိကန်က နိုင်ငံရေးအင်ပါယာထူထောင်ရန် ကြိုးပမ်းနေကြောင်း၊ ပြောင်းလဲနေသည့် ကမ္ဘာကြီး၏ သဘောသဘာဝကို နားလည်မှုမရှိသဖြင့် ယင်းသို့ ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း ဂေါ်ဘာချက်ဗ်က ပြောကြားသည်။

အမေရိကန်နိုင်ငံသည် အင်ပါယာအသစ် ထူထောင်လိုပြီး ကမ္ဘာ့နိုင်ငံများပေါ်တွင် ဩဇာတိက္ကမလွှမ်းမိုးလိုသည့် အုပ်စိုးမှုကို လိုလားကြောင်း ဂေါ်ဘာချက်ဗ်က မော်စကိုတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဖော်ပြပါ သဘောထားအမြင်များသာမက အမေရိကန်အနေဖြင့် တစ်ဖက်သတ် လုပ်ဆောင်လိုစိတ်ရှိပြီး စစ်မက်တိုက်ခိုက်မှုများ ပြုလုပ်လာနိုင်ကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ နိုင်ငံတကာဥပဒေနှင့် ကမ္ဘာ့ပြည်သူများ အထူးသဖြင့် အမေရိကန်ပြည်သူလူထုကို အလေးဂရုပြုတော့မည် မဟုတ်ကြောင်း ဂေါ်ဘာချက်ဗ်က ဝေဖန်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နျူကလီးယားလက်နက်သယ်ဆောင်နိုင်သည့်ဒုံးကျည် ပါကစ္စတန် စမ်းသပ်ပစ်လွှတ်

အစ္စလမ္မာဘတ် ဇူလိုင် ၂၈

နျူကလီးယားအပါအဝင် ဒုံးကျည်ထိပ်ဖူးအမျိုးမျိုးကို သယ်ဆောင်နိုင်သော ဒုံးကျည်ကို ပါကစ္စတန်နိုင်ငံတွင် ဇူလိုင် ၂၆ ရက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဘာဘူဟက်ဖ်-၇ ဒုံးကျည်သည် ကီလိုမီတာ ၇၀၀ (၄၃၅မိုင်)အကွာထိ ပစ်လွှတ်နိုင်ပြီး အဆိုပါ ဒုံးကျည်ကို မတ်လတွင် နောက်ဆုံး စမ်းသပ်ပစ်လွှတ်ခဲ့သည်။

မဟာစီမံကိန်း အစီအစဉ်များ အောင်မြင်ရေးအတွက် အပြည့်အဝ အထောက်အပံ့ပေးသွားမည်ဟု အဆိုပါ ဒုံးကျည်စမ်းသပ် ပစ်လွှတ်ရာနေရာ၌ သိပ္ပံပညာရှင်များအား ပါကစ္စတန် သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်နှင့် ဝန်ကြီးချုပ် ရှော်ကက်အဇစ်တို့က ပြောကြားခဲ့သည်။

အဆိုပါဒုံးကျည်သည် မြေပြင်နှင့် ကပ်လျက်သွားနိုင်သဖြင့် ရေဒါဖြင့် ဖမ်းယူ၍ မရနိုင်သောလက်နက်မျိုး ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်ရှိ အစိမ်းရောင်ဒေသအတွင်း စိန်ပြောင်းကျည်ကျရောက်

ဘဂ္ဂဒက် ဇူလိုင် ၂၈

အမေရိကန်နှင့် အီရန်ကိုယ်စားလှယ် အဖွဲ့တို့က အီရတ်နိုင်ငံ၏ ဆိုးရွားနေသည့်လုံခြုံရေးအခြေအနေနှင့် ပတ်သက်၍ ဒုတိယအကြိမ်ဆွေးနွေးပွဲ ကျင်းပနေစဉ် အစောင့်အကြပ်များထူထပ်စွာ ချထားသည့် ဘဂ္ဂဒက်မြို့ရှိ အစိမ်းရောင်ဒေသသို့ စိန်ပြောင်းကျည်များ အင်္ဂါနေ့က ကျရောက်ပေါက်ကွဲခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ စိန်ပြောင်းကျည်ကျရောက် ပေါက်ကွဲသဖြင့် လူအသေအပျောက် မည်မျှ ရှိသည်၊ စိန်ပြောင်းကျည် မည်မျှ ကျရောက်ပေါက်ကွဲသည်ကို တိတိကျကျ မသိရှိရဟု အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ် ဘော်ဒိုလိုနီကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေကြီးနေသည်ကို ဇူလိုင် ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက်ရရန် နယူးဇီလန်နှင့် ပါရှန်ပင်လယ်ကွေ့နိုင်ငံများ ဆွေးနွေး

ဝယ်လင်တန် ဇူလိုင် ၂၈

နယူးဇီလန်နိုင်ငံက ပါရှန်ပင်လယ်ကွေ့မှ ခြောက်နိုင်ငံနှင့် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက် (အက်ဖ်တီအေ)ရရှိရေးအတွက် စတင်ညှိနှိုင်း ဆွေးနွေးလျက်ရှိသည်။

ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ၏ ပထမအကြိမ် ဆွေးနွေးပွဲသည် ဝယ်လင်တန်မြို့တွင် ကြာသပတေးနေ့မှ စတင်နေပြီဖြစ်ပြီး တာဝန်ရှိပုဂ္ဂိုလ်များ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ခြောက်နိုင်ငံသည် ဆော်ဒီအာရေဗျ၊ ကူဝိတ်၊ ဘာရိန်း၊ ကာတာ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် အိုမန်တို့ဖြစ်သည်။

ပင်လယ်ကွေ့နိုင်ငံများသည် နယူးဇီလန်နိုင်ငံ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံများဖြစ်ပြီး အထူးသဖြင့် စားနပ်ရိက္ခာနှင့် အဖျော်ယမကာများ ဝယ်ယူတင်သွင်းကြောင်း နယူးဇီလန်ကုန်သွယ်ရေးဝန်ကြီး ဖီဂျော့က ပြောကြားသည်။

နယူးဇီလန်က ပင်လယ်ကွေ့ဒေသသို့ နယူးဇီလန်ဒေါ်လာသန်း ၈၀၀ ဖိုး ၂၀၀၆ နှစ်အတွင်း တင်ပို့ရောင်းချခဲ့ပြီး ပျမ်းမျှအားဖြင့် နှစ်စဉ် တင်ပို့မှုပမာဏသည် လွန်ခဲ့သည့်ခြောက်နှစ်အတွင်း ၁၀ ရာနှုန်းမြင့်မားလာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်လေကြောင်းလိုင်းပျံသန်းမှု ဗြိတိန်က ရပ်ဆိုင်းထား

လန်ဒန် ဇူလိုင် ၂၈

လုံခြုံရေးအတွက် အီရန်နိုင်ငံမဟန်လေကြောင်းလိုင်း ပျံသန်းမှုကို ဗြိတိန်နိုင်ငံက ဆိုင်းငံ့ထားကြောင်း သယ်ယူပို့ဆောင်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

တိုးမြှင့်ပျံသန်း

ဇူလိုင်လတွင် မဟန်လေကြောင်းလိုင်းသည် အီရန်နိုင်ငံ တီဟီရန်မြို့မှ ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့အထိ ပုံမှန်ပျံသန်းမှုခရီးစဉ်ထက်ရက်သတ္တတစ်ပတ်လျှင် ငါးကြိမ် တိုးမြှင့်ပျံသန်းခဲ့သည်။

ရပ်ဆိုင်း

လုံခြုံရေးပြည့်ဝစွာ ဆောင်ရွက်မပေးနိုင်သဖြင့် ခွင့်ပြုထားသည့်တိုးချဲ့ပျံသန်းရေးခရီးစဉ်ကို ဇူလိုင် ၂၀ ရက်ညက ရပ်ဆိုင်းခဲ့ကြောင်း ပို့ဆောင်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဘေးအန္တရာယ် ကင်းရှင်းရေးဆောင်ရွက်ရာ၌ အုပ်ချုပ်မှုအပိုင်း၊ လုပ်ငန်းလည်ပတ်မှုအပိုင်းနှင့် ထိန်းချုပ်မှု အဆင့်တို့တွင် အားနည်းမှုများရှိသဖြင့် မကြာသေးမီက ဘေးအန္တရာယ်များ ဖြစ်ပွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

တောင်ကိုရီးယားနိုင်ငံ ပင်လယ်ပြင်တစ်နေရာမှ ဖမ်းမိသော ရေဘဝဲတစ်ကောင်၌ ကပ်ပါလာသော ရေးဟောင်းကြွေထည် ပန်းကန်တစ်ချပ်ကို ဇူလိုင် ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝက်နာရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ဗီယက်နမ်ဒေသများ၌ ဖြစ်ပွား

ဟန္နိုင်း ဇူလိုင် ၂၈

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင်ဝက်နာသားစားမိ၍လူနှစ်ဦးသေဆုံးကြောင်း၊ နိုင်ငံ အလယ်ပိုင်းတွင် မကြာသေးမီရက်သတ္တပတ်များအတွင်းကဗိုင်းရပ်စ်ရောဂါပိုးကြောင့် ဝက်ထောင်ပေါင်းများစွာ သေဆုံးကြောင်း အစိုးရသတင်းဌာနက ဇူလိုင် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသ၌ ကြက်ငှက်တုပ်ကွေးရောဂါပြန်လည်ဖြစ်ပွားနေကြောင်း၊ ရက်သတ္တပတ်အကုန်က မွေးမြူရေးခြံရှိ ဘဲရာပေါင်းများစွာ သေဆုံးကြောင်း၎င်းကပြောကြားသည်။

ယခုနှစ် ယခုအချိန်အထိ ရောဂါဖြင့် သေဆုံးသောဝက်၏ အသားကို စားမိသူ ၂၂ဦးသည် ဟန္နိုင်းဆေးရုံသို့ တက်ရောက်နေရကြောင်း ဗီယက်နမ်သတင်းဌာနက ဇူလိုင် ၂၃ရက်တွင် ပြောကြားသည်။

ရောဂါကူးစက်ခံရသူများအနက်နှစ်ဦး သေဆုံးခဲ့သည်။ ဝက်နာကျနေသည့် ဝက်ခြံမှဗိုင်းရပ်စ်ပိုး ပါဝင်သော လေကို ရှူရှိုက်မိခြင်း၊ သို့မဟုတ် ဝက်နာကျကာ သေဆုံးသည့် ဝက်၏ အသားကို စားသုံးမိခြင်းတို့ကြောင့် အပြင်းဖျားပြီး ကိုယ်တွင်းသွေးယိုစိမ့်မှု ဝေဒနာကို အသည်းအသန်ခံစားရခြင်း ဖြစ်သည်ဟု ဆရာဝန်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရေနက်ပင်လယ်ဆိပ်ကမ်း ဘင်္ဂလားဒေ့ရှ်တည်ဆောက်မည်

ဒါကာ ဇူလိုင် ၂၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆိုနာဒီယာကျွန်းတွင် ပထမဆုံးအကြိမ်ရေနက်ပင်လယ်ဆိပ်ကမ်း တည်ဆောက်မည်ဖြစ်ကြောင်း ဇူလိုင် ၂၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ ဆိုနာဒီယာကျွန်းသည် ကောက်ဘဇားမြို့၏ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန် ခုနစ်ကီလိုမီတာအကွာတွင် တည်ရှိသည်။

ပင်လယ်ဆိပ်ကမ်း တည်ဆောက်ခြင်းဖြင့် ဒေသဆိုင်ရာသယ်ယူပို့ဆောင်ရေးအတွက် အထောက်အကူပေးမည်ဖြစ်သည်။ ***အင်တာနက်။***

ရေစက်သွန်းချ အမျှပေးဝေ

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မိသားစု၏ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းမိသားစုများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမိသားစု ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မိသားစု၏ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဒဂုံပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်တော်မူကြသည်။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဒဂုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော်က အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

အရှင်သဇ္ဇန[နတ်မောက်] ဝါတွင်းတရားပွဲများ

ရန်ကုန် ဇူလိုင် ၂၉

ဝိပဿနာတရားပြ ဓမ္မကထိက အရှင်သဇ္ဇန[နတ်မောက်]သည် ဒုတိယဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့တိုင်း ဝါတွင်း ဥပုသ်နေ့တိုင်း ဝိပဿနာတရားများကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (ဃ)ဓမ္မာရုံ၌ မွန်းလွဲ ၁နာရီမှစ၍ အပတ်စဉ်ဟောကြားတော်မူမည်ဖြစ်သည်။ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက် မြို့ဦးဘုရားအနီး စံရိပ်ငြိမ်ကျောင်းတိုက် ဖုန်း-၀၉-၅၁၆၈၂၉ သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

အကျဉ်းဦးစီးဌာနမိသားစု၏ (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် ဇနီး ဒေါ်နွယ်နီစမ်းတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အကျဉ်းဦးစီးဌာနမိသားစု ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၉

အကျဉ်းဦးစီးဌာနမိသားစု၏ (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အကျဉ်းဦးစီးဌာနရှိ အောင်မင်္ဂလာခန်းမ၌ကျင်းပရာ အင်းစိန် ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တရာဟုလာ အမှူးပြုသော ပင့်သံဃာတော် ၁၁ပါးတို့အား အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် ဇနီး ဒေါ်နွယ်နီစမ်းနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားမိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ လှူဒါန်းမှုအစုစု တန်ဖိုးမှာ ငွေကျပ် ၆၄၅၈၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ဝါဆိုသင်္ကန်း စုပေါင်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရ သာသနာ့နယ်မြေ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း စုပေါင်းဆက်ကပ်လှူဒါန်းပွဲ၊ ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရအား သိက္ခာထပ် ကံဆင့်မင်္ဂလာ၊ စာပေပညာရေး ပဒေသာပင် အလှူရှင်များ၊ နဂါးရုံဘုရားနှင့် ကိုးတောင်ပြည့်စေတီတော် အလှူရှင်များအားဂုဏ်ပြုပွဲနှင့် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအား ဆုချီးမြှင့်ပွဲတို့ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ သာသနာ့နယ်မြေ၌ ကျင်းပရာ ရှေးဦးစွာ အလှူရှင်များက ပန်းတစ်ပွင့်တောင် ဆရာတော်ထံ သိက္ခာထပ် ပရိက္ခရာများကို လှူဒါန်းကြပြီး သိမ်တော်တွင် ပန်းတစ်ပွင့်တောင် ဆရာတော်အား သိက္ခာထပ် ကံဆင့်မင်္ဂလာ ပြုလုပ်၍ အလှူရှင်များက သိမ်ဆင်းလောင်းလှူကြသည်။

ထို့နောက် အလှူရှင်များက ဓမ္မသုခ ဗိမာန်တော်၌ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး နဂါးရုံဘုရားနှင့် ကိုးတောင် ပြည့်စေတီတော် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပန်းတစ်ပွင့်တောင် ဆရာတော်က ချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍ ဗုဒ္ဓပူဇနိယ ဆိမီး ၉၉၀၀အဖွဲ့(အင်းစိန်)က ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်မြင်ကြသူခြောက်ဦးတို့အား ပန်းတစ်ပွင့်တောင် ဆရာတော်၊ အဖွဲ့နာယက ဦးစိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ခင်လှတို့က တစ်ဦးချင်းအား ငွေကျပ်တစ်သောင်းစီ ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ယင်းနောက် ပန်းတစ်ပွင့်တောင် ဝေယျာဝစ္စအဖွဲ့ကိုယ်စား ဦးစိုးဝင်းက ကျေးဇူးတင်စကား လျှောက်ထားသည်။

ထို့နောက် ဗုဒ္ဓပူဇနိယဆိမီး ၉၉၀၀ အဖွဲ့(အင်းစိန်) အလှူရှင်များက အလှူငွေ၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများကို ပန်းတစ်ပွင့်တောင် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်က သာဓုအနု မောဒနာတရားတော် ဟောကြားချီးမြှင့်ပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

တက္ကသိုလ်များ ခြေလျင်တောင်တက်အဖွဲ့ ဝါဆိုသင်္ကန်းများကပ်လှူ

ရန်ကုန် ဇူလိုင် ၂၉

တက္ကသိုလ်များခြေလျင်တောင်တက် အသင်းဥက္ကဋ္ဌ တွဲဖက်ပါမောက္ခ ဦးမျိုးသန့် (မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်) ဦးဆောင်၍ တက္ကသိုလ်များ၊ ကောလိပ်များ၊ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်တို့မှ အုပ်ချုပ်သူဆရာ၊ ဆရာမနှင့် အဖွဲ့ဝင် ၁၄၆ဦး ပါဝင်သော မိုးရာသီ ခရီးကြမ်း လေ့ကျင့်ရေး အဖွဲ့သည် ဇူလိုင် ၁၉ရက်မှ ၂၂ရက် အထိ သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်းရှိ ဝေပုလ္လ ကေလာသ တောင်တန်းဒေသသို့ လေ့ကျင့်ရေးခရီး ထွက်ခွာခဲ့ကြသည်။

လေ့ကျင့်ရေး ခရီးစဉ်အတွင်း တောင်တက်အဖွဲ့သည် အဆိုပါ တောင်တန်းဒေသတစ်ကြောရှိ တောရကျောင်းများသို့ ဝင်ရောက်၍ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅သိန်းခန့်ရှိ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ နဝကမ္မဝတ္ထုနှင့် လှူဖွယ်ပစ္စည်းမျိုးစုံကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သာသနာ့အာဇာနည်အရှင်သူမြတ်များဖြစ်ကြသော ဥဘာတောဝိဘင်္ဂကောဝိဒအောင် အရှင်ဇောတိဿရာလင်္ကာရ၊ ဥဘာတောဝိဘင်္ဂရေအောင် အရှင်ပညာသိရိနှင့် အရှင်သီလာနန္ဒတို့အား အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းက သာသနာ့နုဂ္ဂဟာဘွဲ့ရ လူပုဂ္ဂိုလ်များဖြစ်ကြသော အဂ္ဂမဟာ သိရိသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်မြမြလေး၊ သိရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ သမားတော်ကြီး ဦးဘိုကြီး၊ သိရိသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်သန်းသန်း၊ သိရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ သီတဂူ ဦးနိုင်ဦးနှင့် သိရိသုဓမ္မသိင်္ဂီဘွဲ့ရ သီတဂူ ဒေါ်အေးသိန်းတို့အားလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက သိရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသော ဒေါ်အုံးကြင်၊ ဒေါ်ထားထားနွယ်နှင့် ဒေါ်ခင်ကြည်၊ သီဟသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသော စိန်နှင့်မြ ဒေါ်တင်ရီနှင့် ဒေါ်ခိုင်ခိုင်ဦးတို့အားလည်းကောင်း ဂုဏ်ပြုလက်မှတ်များကို ချီးမြှင့်ကြသည်။

ရေစက်သွန်းချ အမျှပေးဝေ

ယင်းနောက် ပိဋကသုံးပုံ နိကာယ်စာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌွေး၊ တိုင်းမှူးနှင့် ဇနီး၊ ရန်ကုန်မြို့တော်ဝန်နှင့် ဇနီးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌွေး၊ တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် ဇနီး၊ ရန်ကုန်မြို့တော်ဝန်နှင့် ဇနီးနှင့် အလှူရှင်များက ပိဋကသုံးပုံ နိကာယ်စာသင်တိုက်ကြီး၌ ဝါဆိုဝါကပ်တော်မူကြမည့် ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ထို့အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌွေးတို့သည် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်ရှိ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၌ ကျင်းပသည့် ပရိယတ္တိ သာသနပါလအသင်းကြီး၏ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ပဓာနနာယက ဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ ပရိယတ္တိ သာသနာ့ပါလအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌွေး၊ တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ပရိယတ္တိသာသနပါလအသင်း ဥက္ကဋ္ဌ ဦးချစ်အေးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌွေးတို့က ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့်အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နာယက စာချဆရာတော် ပထမကျော် အဂ္ဂမဟာအကျော်သ၊ စ၊ အ၊ ဓမ္မာစရိယ ဝင့်သကာဝိနယ ပါဠိပါရဂူ ဘဒ္ဒန္တနာရဒါဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ရွှေတိဂုံစေတီတော် ဖူးမြော် ခရစ်ယာန်ဘာသာဝင်များ ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်း

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသို့ တက်ရောက်နေကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယမန်နေ့(စနေနေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ယနေ့(တနင်္ဂနွေနေ့)တွင် ဘုရားရှိခိုးကျောင်းသို့ သွားရောက်ဝတ်ပြု ဆုတောင်းကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ညောင်နှစ်ပင်စခန်းမှ ထွက်ခွာကြရာ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော် အထက်ပစ္စယာ၌ ကိန်းဝပ်စံပယ်တော်မူသည့် ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ကောင်းမှုကုသိုလ်များပြုလုပ်

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လယ်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်များအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ ဂြိုဟ်တိုင်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရေသပ္ပာယ်ခြင်း၊ စေတီတော်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်း စသည့် ကောင်းမှု ကုသိုလ်များ ပြုလုပ်ကြသည်။

အလားတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယနေ့(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် နွယ်နီလမ်းရှိ ပိုးကရင်နှစ်ခြင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။

(သတင်းစဉ်)

အထက(၁) ဒဂုံ ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၉

ဒဂုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၏ ပညာရေးမိသားစု ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၆ ရက် နံနက်က ဒဂုံသီရိခန်းမ၌ ကျင်းပရာ ပဋ္ဌာနိကာယ်ဗိမာန်တော်ကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တတေဇောဘာသက သီလချီးမြှင့်ပြီး မဟာဝိသုဒ္ဓါရုံကျောင်း ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ အဂ္ဂမဟာအကျော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)က အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို ချီးမြှင့်တော်မူသည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဒေါက်တာ အောင်ကိုကိုနှင့် ဆရာ၊ ဆရာမများက ယောဆရာတော် **(အောက်ပုံ)**နှင့် ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

(၃၂)

အရှင်ဇဝန(ပဲခူး)၏ ဥပုသ်ဓမ္မသဘင်များ

ရန်ကုန် ဇူလိုင် ၂၉

နယ်လှည့်သာသနာပြုဓမ္မကထိက အရှင်ဇဝန(ပဲခူး)သည် ဇူလိုင် ၂၉ ရက် ညတွင် မြောက်ဥက္ကလာပမြို့နယ် ရန်အောင်ဓာတ်ကြေ ဃ/နီလာဓမ္မာရုံ၌လည်းကောင်း၊ ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီတွင် တွံတေးမြို့ ခလုပ်ကျောင်းကြီး၌လည်းကောင်း၊ ညနေ ၃ နာရီတွင် တွံတေးမြို့ မိုးကုတ်ဝိပဿနာရိပ်သာ၌လည်းကောင်း၊ ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက် သာသနရက္ခိတ ဓမ္မာရုံ၌လည်းကောင်း တရားဟောကြားမည်ဖြစ်သည်။ ဆရာတော်နှင့် ဆက်သွယ်လိုလျှင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ရန်ကုန်သစ်ရပ်ကွက် မြို့ဦးစေတီအနီး စံရိပ်ငြိမ်ကျောင်းတိုက် ဖုန်း- ၀၉-၅၁၆၈၂၉ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့ ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၈ နာရီက မဟာစည်ဓမ္မာရုံကြီး၌ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဟိတေသီအဖွဲ့မှ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က ဆောင်ရွက်ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်သည်။

ထို့နောက် ဟိတေသီအဖွဲ့ ယောဂီများက ဝါဆိုပန်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး ဓမ္မစကြာပါဠိတော်နှင့် ရှစ်လုံးဘွဲ့ကဗျာများကို ညီညာဖြဖြ ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ကိုးမိုင် မဟာစည် သာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးက ဓမ္မစကြာ တရားတော်များကို ဟောကြားချီးမြှင့်တော်မူသည်။

ထို့နောက် အလှူရှင်များက ဝါဆိုသင်္ကန်းများကို ဆရာတော်ကြီးထံ တစ်ဦးချင်း ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)** ဆွမ်းပဒေသာအလှူရှင် ဦးသာဌွေး-ဒေါ်ကြည်ကြည်ခင် မိသားစုသော အလှူရှင်များအား ဒေါက်တာ တင်ခိုင်မြင့်က ဖတ်ကြားကြေညာ၍ ဂုဏ်ပြုလွှာ ချီးမြှင့်သည်။ ဝါဆိုသင်္ကန်းဆက်ကပ် ပွဲအလှူရှင်များ၏ ကုသိုလ်ကောင်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှ အတန်းပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

ဒေးဒရဲမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၉

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရတော်မူသော ဒေးဒရဲဇာတိဖွား ဆရာတော် သံဃာတော်များနှင့် သီလရှင် ဆရာကြီးတို့အား ဂုဏဝိသိဋ္ဌပူဇာသဘင်ကို ဩဂုတ် ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲ တွင် ဒေးဒရဲမြို့နယ်အသင်း ဓမ္မာရုံကျောင်းတော်ကြီး အမှတ် (၅၇) အာဇာနည်လမ်း မင်္ဂလာမဏ္ဍိုင် ကျောင်းတိုက်ဝင်း ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဦးမျိုးလွင် ဖုန်း- ၅၄၄၂၇၃၊ ဒေါ်ခင်စောလှ ဖုန်း- ၅၀၀၁၆၁၊ ဦးစိုးသိန်း ဖုန်း- ၀၉-၅၁-၃၆၇၉၈ နှင့် ဦးဇော်လွင် ဖုန်း-၀၉-၈၀-၃၁၇၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တောင်ညိုတပ်နယ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲ တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၂၉

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဦးစီးအရာရှိများ လိုက်ပါလျက် ဇူလိုင် ၂၈ရက် နံနက် ၇နာရီခွဲတွင် တောင်ညိုတပ်နယ်၌ ကျင်းပသော ၂၀၀၇ခုနှစ် မိုးရာသီခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲတော် အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နယ်မြေခံ တပ်နယ်မှူး ဗိုလ်မှူးကြီး မြင့်ကြိုင်က ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပြီးစီးမှုနှင့် စပ်လျဉ်း၍ ယခင်နှစ်စိုက်ပျိုးပြီးစီးမှု၊ တပ်ရင်းတပ်ဖွဲ့များအလိုက် ၂၀၀၇ခုနှစ် စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသော တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ စစ်သည်မိသားစုများသို့ ခြံစည်းရိုးကြက်ဆူ မျိုးစေ့များ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးက အမှတ်တရ ခြံစည်းရိုးကြက်ဆူပင်အား စိုက်ပျိုးပေးပြီး တပ်ရင်း/တပ်ဖွဲ့များနှင့် တပ်နယ်မိသားစုဝင်များ ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း(မိုးစွေ)ဝင်းအတွင်း အမှတ်တရ သစ်ပင်စိုက်ပျိုးပေးသည်။

ဆက်လက်ပြီး တိုင်းမှူးသည် တောင်ညိုတပ်နယ်အတွင်း တည်ဆောက်လျက်ရှိသော တောက်ပြုဆည် တည်ဆောက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ညနေ ၃နာရီတွင် နေပြည်တော် လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာရှိ တစ်ဧကလျှင် ကြံသီးနှံ ပန်းတိုင်အထွက်နှုန်း တန် ၃၀ ရရှိရေး စိုက်ပျိုးလျက်ရှိသော ၂၅ ဧက စံပြကြံစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နယ်မြေခံ ကြံစိုက်တောင်သူများအားရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကြံသီးနှံဌာန ကမ်းပါးနီမျိုးပွားခြံအတွင်း စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသော မိုးစိုက် မျိုးကြံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာရှိ စံပြကြံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၀၇ (တနင်္လာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	"တရားကျင့်ဖော်နှင့်ဆုံတွေ့ပါရစေ"တရားတော် အပိုင်း(၁) (အရှင်အဂ္ဂိယ) ပါဠိကာရီဆရာတော်
၇:၅၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	ပီတိ၏ကြည်နူးမှုပုံရိပ်များ
၈:၂၀	တေးဂီတအစီအစဉ်
၈:၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ (မေ့မရသမဂ္ဂဇင်းအုပ်ချုပ်ရေးမှူး ဦးကြည်စင်နှင့် တွေ့ဆုံခြင်း)
၈:၄၀	တေးဂီတအစီအစဉ်
၈:၅၀	သာယာငြိမ်းချမ်း စိမ်းလန်းဝေစည် ငွေတောင်ပြည်
၉:၂၅	ပြည်တွင်းသတင်းအကျဉ်း
၉:၃၅	Yangon Panorama (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့၏ဝေဒပညာသင်တန်းများ သင်တန်းဆင်းပွဲအခမ်းအနား)
၁၀:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅	ကလသာပူရ၏ နှလုံးသားပွဲတင်သံ
၁၀:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (မိုးရာသီတွင် အတွေ့ရများသော အသီးအပွင့်တို့နှင့်ပတ်သက်သည့် ကျန်းမာရေးအမေးအဖြေများ)
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	နွယ်မြက်သစ်ပင်ဆေးဖက်ဝင် (ခံတက်ရွက်)
၁၁:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပန်းဝတ်မှုန်ထုတ်လုပ်ရေး)
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	ကုန်သွယ်စီးပွား နိုင်ငံ့အား (ဆက်သွယ်ဆောင်ရွက်မည် ကမ္ဘာနှင့်အညီ)
၁၂:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၁၀	အံ့ဖွယ်ထူးခြား ကလောမဟာမုနိဆုတောင်းပြည့် နီးဘုရား
၁၂:၂၅	Celebrity Style (နဝရတ်နှင့်တွေ့ဆုံခြင်း)
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စက်ခေါင်းအရန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းတို့အတွက် ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် Railbus များ ပြုပြင်မွမ်းမံရန်အတွက် လိုအပ်သော အင်ဂျင်နှင့် ထရန်စမစ်ရှင်း (Transmission) အရန်ပစ္စည်းများအား ခင်းကျင်းပြသမှုနှင့် ယင်းပစ္စည်းများအား ထုတ်လုပ်ပေးသွင်းခြင်း၊ တင်သွင်းရောင်းချခြင်းတို့ကို ဆောင်ရွက်လိုကြသော စက်မှုနှင့် ရော်ဘာပစ္စည်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(ရထား)

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့ပတ်ရထားများနှင့် နေပြည်တော်မှ ပုဂံ၊ ပြည်၊ မြင်းခြံ၊ မန္တလေးနှင့် မော်လမြိုင်သို့ ပြေးဆွဲနေသည့် လူစီးရထားခရီးစဉ်များ၌ အသုံးပြုထားသော Railbus များ ပြုပြင်မွမ်းမံရန်အတွက် လိုအပ်သောအင်ဂျင်နှင့် ထရန်စမစ်ရှင်း (Transmission) အရန်ပစ္စည်းများအား ခင်းကျင်းပြသခြင်းနှင့် ယင်းပစ္စည်းများအား ထုတ်လုပ်ပေးသွင်းခြင်း၊ တင်သွင်းရောင်းချခြင်းတို့ကို ဆောင်ရွက်လိုကြသော စက်မှုနှင့် ရော်ဘာပစ္စည်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ဇူလိုင် ၂၈ရက်တွင် အင်းစိန်စက်ခေါင်းစက်ရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က မြန်မာ့မီးရထား အနေဖြင့် ယခင်က တစ်နှစ်လျှင်ခရီးသည် ၆၄သန်းခန့် သယ်ဆောင်နေရာမှ ယမန်နှစ်က ခရီးသည် ၇၂ သန်းကျော် သယ်ဆောင်ပေးခဲ့ကြောင်း၊ မြို့ပတ်ရထားခရီးစဉ်များ၌ ယခင်နှစ်နှစ်ခန့်ကပင် ခေတ်မီလှပသော Railbus များ ထည့်သွင်းပြေးဆွဲနေကြောင်း၊ နေပြည်တော်မှ စတင်ထွက်ခွာ၍ ပုဂံ၊ ပြည်၊ မန္တလေး၊ မြင်းခြံနှင့် မော်လမြိုင်မြို့များသို့လည်း Railbus များကို အသုံးပြုပြေးဆွဲနေရာ ယင်း Railbus အင်ဂျင်များဖြစ်သည့် NISSAN,PE.6 အင်ဂျင်၊ NIIGATA အင်ဂျင်နှင့် NICO TRANSMISSION များအတွက် ရော်ဘာပစ္စည်းများ အပါအဝင် အင်ဂျင်အရန်ပစ္စည်းမျိုးစုံကို ပြည်တွင်းစက်မှုလုပ်ငန်းရှင်များက ထုတ်လုပ်ခြင်း၊ တင်သွင်းရောင်းချခြင်းများကို ဆောင်ရွက် နိုင်ရန်အတွက် ခင်းကျင်းပြသခြင်းဖြစ်ကြောင်း။

ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဘက်ပေါင်းစုံမှ အကူအညီပေးခြင်း၊ ပညာရှင်များဖြင့် ချိတ်ဆက်ပေးခြင်း၊ နည်းပညာဖြင့် ချိတ်ဆက်ပေးခြင်း၊ ပညာရပ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်း စသည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့ကဲ့သို့ ပစ္စည်းများပြသခြင်း၊ အကြံဉာဏ် ဖလှယ်ခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သဖြင့် စက်မှုလက်မှု ပညာရှင်များနှင့် လုပ်ငန်းရှင်များ ချိတ်ဆက်မိခြင်း၊ လုပ်ငန်းရှင်အချင်းချင်း ဗဟုသုတဖလှယ်နိုင်ခြင်း စသည်တို့ကြောင့် အကျိုးရလဒ်ကောင်းများ ပေါ်ပေါက်ခဲ့ကြောင်း၊ မြန်မာ့မီးရထား၏ လုပ်ငန်းများ တိုးတက်စေရေးအတွက် အကြံကောင်း ဉာဏ်ကောင်းများပေးပါက ကြိုဆိုလျက်ရှိကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အင်းစိန်စက်ခေါင်းစက်ရုံ အထွေထွေမန်နေဂျာ ဦးစောဗယ်လင်တိုင်းက မြန်မာ့မီးရထားစက်ခေါင်းနှင့် Rail bus များ၌ အသုံးပြုနေသော အရန်ပစ္စည်းအမျိုးမျိုးနှင့် နှစ်စဉ်လိုအပ်ချက်များ၊ အရန်ပစ္စည်းများ ရရှိရေးအတွက် စက်မှုလုပ်ငန်းရှင်များဖြင့် ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် အရန်ပစ္စည်းများကို နှစ်လုံးပေါက် ခင်းကျင်းပြသထားသဖြင့် လာရောက် ကြည့်ရှုနိုင်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော စက်မှုနှင့် ရော်ဘာပစ္စည်း လုပ်ငန်းရှင်များ၊ တင်သွင်း ရောင်းချသော လုပ်ငန်းရှင်များက ခင်းကျင်းပြသထားသော စက်အရန်ပစ္စည်းများနှင့်စက်အစိတ်အပိုင်းများကို လှည့်လည်ကြည့်ရှုကြပြီး ဆက်လက်ဆွေးနွေးကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သိရှိလိုသည့် မေးမြန်းချက်များကို ရှင်းလင်းဖြေကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

အဆိုပါ စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများကို အင်းစိန်စက်ခေါင်းစက်ရုံ၌ ဩဂုတ် ၃ရက် အထိ ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုဒုံမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

မုဒုံမြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီကကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၄ရက်တွင် မုဒုံမြို့နယ် ကလော့သော့ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း၌ ကျင်းပရာ မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဌေးက သွေးလွန်တုပ်ကွေး ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်း များကို အသိပညာပေး ရှင်းလင်းပြီး ကျေးရွာလူမှုရေး အသင်းအဖွဲ့ဝင်များ နှင့်အတူ ဖုံး သွန် လဲ စစ် ရေသွန် ရေမှောက် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆေးဖျန်းစက်ဖြင့် ခြင်ဆေးမှုန့်များ ပက်ဖျန်းခြင်း၊ ရေမြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကိုဆောင်ရွက်ကြပြီးကလော့သော့၊ ကော့ခပုံ၊ ကော့ပရံ၊ နီးပဒေါ၊ တံခွန်တိုင်နှင့် ကမာဝက်ကျေးရွာများ၌လည်း ဖုံး သွန် လဲ စစ် ရေသွန် ရေမှောက် လုပ်ငန်းများကိုဆောင်ရွက်ကြသည်။

မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံချက်ချမှတ်ပြီး မုဒုံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအသီးသီးသို့ ဇွန် ၂၉ရက်မှ စတင်ကာ ကွင်းဆင်းဆောင် ရွက်လျက် ရှိကြောင်းသိရှိရသည်။ (သတင်းစဉ်)

➪ ကျောဖုံးမှ
များက ဝတ်ရွတ်ပူဇော်ကြမည်ဖြစ်သည်။ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဝါတွင်းတရားပွဲတော်များ ကျင်းပသွားမည်ဖြစ်သည်။

ကမ္ဘာအေး

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို နတ်ပြဟ္မာများပင့်ဖိတ်ခြင်း၊ မြတ်စွာဘုရားနှင့် အဂ္ဂသာဝကနှစ်ဆူအားပင့်လျှောက်ခြင်း၊ ဓမ္မာစကြာ အခါတော်နေ့အကြောင်း၊ ဓမ္မစကြာသုတ်အမွှမ်း၊ ဓမ္မစကြာသုတ် ပါဠိတော်၊ အနတ္တလက္ခဏသုတ် ပါဠိတော်နှင့် ဆုတောင်းပတ္တနာ မေတ္တာပို့ကဗျာများ ရွတ်ဆိုဆုတောင်းကြသည်။

ရွှေဘုန်းပွင့်

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ အကြိမ် (၅၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရွှေဘုန်းပွင့်တန်ဆောင်း၌ကျင်းပရာ ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်က အကြိမ်(၅၀)မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားကာ ပုဇွန်တောင်မြို့နယ် သံဃမဟာနာယကဥက္ကဋ္ဌရွှေဘုန်းပွင့်စေတီတော် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဗြဟ္မသီရိထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများ၊ သက်တော်ရှည်ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများက ဆရာတော် သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်အစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေဘုန်းပွင့်စေတီတော် ဩဝါဒါစရိယဆရာတော်ဘဒ္ဒန္တဗြဟ္မသီရိက သာဓုအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

မိုးကောင်း

ရန်ကင်းမြို့နယ် ကျက်သရေဆောင် မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီးဂေါပကအဖွဲ့က ကြီးမှူး၍ တေဒဂ်ဓမ္မာရုံတည်ဆောက်ခြင်းအတွက်မတည်အလှူငွေ ပေးအပ်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို နံနက် ၈နာရီတွင် မိုးကောင်းစေတီတော် ဂေါပကအဖွဲ့ရုံးခန်း၌ ကျင်းပရာ အလှူရှင် မိုးကောင်းစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဦးကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့်ဇနီး ဒေါ်မြမြအေး(ဒါနသူ ရဲကောင်း)မိသားစုတို့က အလှူငွေကျပ် ၁၀သိန်းစီ၊ အလှူရှင် ၂၂ ဦးတို့က လှူဒါန်းငွေကျပ်၆၈သိန်းနှင့် သင်္ကန်းအစုံ၂၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာသံ့သာရရုပ်ပွားတော်မြတ်အား (၇၅၅)ကြိမ်မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး ဆရာတော် သံဃာတော်များအားဝါဆိုသင်္ကန်းကပ်လှူ၍ မိုးကောင်းကျောင်းတိုက်ဆရာတော်ထံမှ ရေစက်သွန်းချအမျှဝေကြသည်။

ကိုးထပ်ကြီး

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားတွင် နဝဂုဏဗုဒ္ဓမာမကသာသနာပြု ပါရမီရှင်များ၏ (၂၅)နှစ်မြောက် ဝါတွင်းအဓိဋ္ဌာန်ဖွင့်ပွဲ ငွေရတုပဏာမနဝင်္ဂအလှူတော်ကို နံနက် အရုဏ်တက်ချိန်တွင်ကျင်းပရာ ဘုရားကြီးအား သာသနာပွဲ၊ အောင်အိုး၊ ဝါဆိုဆွမ်းတော်ကြီး၊ ဝါဆိုပန်းစုံ၊ ဝါဆိုဖယောင်းတိုင်များဖြင့် ဆက်ကပ်ပူဇော်ကြပြီး လယ်တီမဟာသရဏဂုံတော်ကြီး ဓမ္မပူဇာအစီအစဉ်ဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ လင်းလွန်းပင်ပရိယတ္တိစာသင်တိုက်၌ ပုရိမဝါကပ်တော်မူကြမည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမာစာရ အမှူးပြုသော စာချစာသင်ဆရာတော် သံဃာတော်အပါး ၈၀တို့အား လင်းလွန်းပင်ပရိယတ္တိသာသနာ့နုဂ္ဂဟအဖွဲ့က ဆဋ္ဌမအကြိမ်မြောက်စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာတော်များအား စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ကျင်းပသည်။

ရှေးဦးစွာ ဧည့်ပရိသတ်တို့က လင်းလွန်းပင် ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာ တော်ဘဒ္ဒန္တဥတ္တမာစာရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်မှ စာချဆရာတော်များနှင့် စာအောင်သံဃာတော်များအား လင်းလွန်းပင်ပရိယတ္တိသာသနာ့နုဂ္ဂဟအဖွဲ့က စာအောင်ဆုများကို ဆက်ကပ်ကြသည်။

ထို့နောက် ဝါဆိုသင်္ကန်းအလှူရှင်များက ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး လင်းလွန်းပင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဥတ္တမာစာရထံမှ ရေစက်ချတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

စွယ်တော်မြတ်

ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဒသမအကြိမ်ဓမ္မစကြာအခါတော်နေ့၊ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ပထမအကြိမ်ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲတို့ကိုကျင်းပသည်။

အလားတူ ရန်ကုန်မြို့အတွင်းရှိ ဆူးလေစေတီတော်၊ ခြောက်ထပ်ကြီး၊ မယ်လမု၊ ရန်မျိုးအောင်၊ ရွှေနားပန်၊ တောင်ဥက္ကလာ မြို့ဦးစေတီ စသောဘုရား၊ ပုထိုးစေတီများ၌ ယမန်နေ့ ညပိုင်းတွင် ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းများက “ဓမ္မစက္ကပဝတ္တန”သုတ်၊ “အနတ္တလက္ခဏ” သုတ်ပါဠိတော်များနှင့် ဝတ်ရွတ်စဉ်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ယနေ့ အရုဏ်တက်ချိန်မှစ၍ ညပိုင်းအထိ မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့်အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဓမ္မစကြာအခါတော်နေ့ အခမ်းအနားများ ကျင်းပခြင်း၊ ဆရာတော် သံဃာတော်များထံမှ တရားတော်များ နာကြားခြင်း၊ သီလခံယူ ဆောက်တည်ခြင်း၊ ဘာဝနာတရား ပွားများခြင်း၊ စတုဒိသာဒါနပြုခြင်း စသောကုသိုလ်ကောင်းမှု ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ ဌာနဆိုင်ရာ ရုံးများအလိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ အလှူတော်မင်္ဂလာပွဲများ၊ ဓမ္မစကြာအခါတော်နေ့အခမ်းအနားများ၊ ဥပုသ်သီတင်းသီလ ခံယူဆောက်တည်ခြင်း၊ တရားတော်များ နာကြားခြင်းကောင်းမှုကုသိုလ်များကို ပြုကြရာ ရန်ကုန်မြို့တော် တစ်ဝန်းလုံး၌ ပတ္တိဒါန၊ ပတ္တာနုမောဒန ကုသိုလ်သံများဖြင့် လျှံဝေလျက်ရှိသည်။

သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို နံနက်က စေတီတော်ရင်ပြင်တွင် ကျင်းပရာ အရုဏ်တက်ချိန်တွင် မုခ်လေးမုခ်၌ ဆွမ်းတော်ကြီးတင် ကပ်လှူခြင်း၊ ဘာသာရေး အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကအလှူရှင်များက ဆွမ်းတော်ကြီးတင်လှူခြင်း၊ အရုဏ်ဆွမ်း ဆက်ကပ်ခြင်း၊ ပန်း၊ ဆီမီး ဆက်ကပ်ခြင်း၊ တန်ဆောင်းအသီးသီးတွင် ဓမ္မစကြာတရားတော်များဖြင့် ဝတ်အဖွဲ့များမှ ပူဇော်ကြခြင်း၊ စေတီတော်ကြီး၏ အသင်းအဖွဲ့များမှလည်း အသင်းအလိုက် ဝါဆိုသင်္ကန်း ဆက်ကပ်ကြခြင်း၊ စေတီတော်ရှိ ဓမ္မဗိမာန်တော်ကြီးတွင် အလှူရှင်များနှင့် ဥပုသ်သည်များစုပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် ဓမ္မစကြာ အခမ်းအနားများ ကျင်းပခြင်း၊ ဘုရားဖူးပြည်သူများက ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ ညနေပိုင်းတွင်အလှူရှင်များက စတုဒိသာအအေးများတိုက်ကျွေးခြင်း၊ ဘုရားဖူးပြည်သူများနှင့် ဥပုသ်သီလသီတင်းဆောက်တည်သူများဖြင့် စည်ကားသိုက်မြိုက်စွာရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြတ်စွာဘုရားအား
ပန်း၊ ရေချမ်း၊ ဆွမ်း
ဓမ္မစကြာအခါတော်
ဆရာတော် သံဃာတော်
ဝါဆိုသင်္ကန်းများ

ဘုရားဖူးများ စည်ကား

ဝါဆိုလပြည့်နေ့က ဗိုလ်တထောင်မြို့နယ်ရှိ အသိ သတိ ကြေးသွန်းဘုရားတွင် ဘုရားဖူးလာသူများနှင့် ဤသို့စည်ကားခဲ့စဉ်။ (ကြေးမုံ)

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း တည်ထားအပ်သော အသိ သတိ ကြေးသွန်းဘုရား ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ရေစက်ချ အလှူတော်မင်္ဂလာသဘင် အခမ်းအနားတွင် ဘုရားဒါယကာ ဦးကျော်ဟိန်း(ခ)ဦးကိတ္တိသာရက ဗုဒ္ဓပဋိရူပက၊ ဗုဒ္ဓသမ္ဘာရ၊ ဗုဒ္ဓပရိဝါရဝတ္ထုများကို သာသနာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် လက်ခံစဉ်။ (သတင်းစဉ်)

အသိ သတိကြေးသွန်းဘုရား ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ရေစက်ချအလှူတော်မင်္ဂလာသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ် ပရိဝုဏ်အတွင်း တည်ထားအပ်သော အသိ သတိ ကြေးသွန်းဘုရား ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအလှူတော်မင်္ဂလာသဘင် အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါကြေးသွန်းဘုရား၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာ ဆရာတော်များက အသိသတိ ကြေးသွန်းဘုရားရုပ်ပွားတော်မြတ်အားဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

ထို့နောက် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ဝန်ကြီးနှင့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်တော်မူကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဝန်ကြီးနှင့်ပရိသတ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘုရားဒါယကာ ဦးကျော်ဟိန်း(ခ)ဦးကိတ္တိသာရက ဗုဒ္ဓပဋိရူပက၊ ဗုဒ္ဓသမ္ဘာရ၊ ဗုဒ္ဓပရိဝါရဝတ္ထုများကို သာသနာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လက်ခံသည်။

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ရုပ်ပွားတော်မြတ် တည်ထားကိုးကွယ်မှုနှင့် စပ်လျဉ်း၍ မှားယွင်းမှုမပြည့်စုံမှုများရှိပါက ခွင့်လွှတ်ပါရန် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်အား တောင်းပန်လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရေးဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍသိရီထံမှ ဝန်ကြီးနှင့် ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင်ယာဉ်လိုင်းမိသားစုများ၏ (၃၄)ကြိမ်မြောက် ဘုရားကိုးဆူပူဇော်ပွဲနှင့် အဋ္ဌမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကို ဘုရင့်နောင်ရှိရုံးချုပ်၌ ဇူလိုင် ၂၉ ရက်ကကျင်းပရာ အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင်နှင့် တာဝန်ရှိသူများက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (မြဥ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၁၅	၂။	**တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈း၁၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၈။	အဆိုပြိုင်ပွဲ
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Grammar Made Easy. (Writing Paragraphs and Essays)
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	Practice in Reading.
၄း၄၅	၄။	တေးဂီတအစီအစဉ်
၅း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၁၅	၆။	အကပဒေသာ
၅း၂၅	၇။	မြန်မာစာ၊ မြန်မာစကား
၅း၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅း၄၀	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၅၀	၁၀။	**“ဆုံစည်းခွင့်” (မင်းထက်ကျော်ဇင်၊ ဖိုးသောကြာ၊ မြတ်ကေသီအောင်၊ ချစ်သုဝေ) [ဒါရိုက်တာ–သိန်းဟန်(ဖီးနစ်)]**
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၃၀	၁၂။	မိုးလေဝသအခြေအနေ
၆း၃၅	၁၃။	ပြိုင်းချောင်းရေလှောင်တမံ
၆း၄၀	၁၄။	မူဟာန်သွယ်သွယ်ဆိုကြမယ်
၆း၅၅	၁၅။	နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ (အင်းလေးဒေသ ပန်းထိမ်လုပ်ငန်း)
၇း၁၀	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ “သန်းတစ်ရာရွှေအိပ်မက်” (အပိုင်း–၂၀)**
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေး ဒုတိယချစ်ပုံပြင်” (အပိုင်း–၃၁)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

...တ်စွာဘုရားအား ...ရချမ်း၊ ဆွမ်း ဆက်ကပ် ...ဂွာအခါတော်နေ့ ကျင်းပ ...တော် သံဃာတော်များအား ...သက်န်းများ ကပ်လှူ

ရွှေကြာသင်္ကန်း ကပ်လှူ

ဝါဆိုလပြည့်နေ့ (ဓမ္မစကြာ အခါတော်နေ့)က ရွှေတိဂုံစေတီတော်တွင် ရွှေကြာသင်္ကန်း ကပ်လှူပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်း ကပ်လှူ

ဝရဒါဌာဓာတု စေတိယ စွယ်တော်မြတ် စေတီတော် (ရန်ကုန်)၏ ဒသမအကြိမ် ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ပထမအကြိမ် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲ တို့ကို ကျင်းပစဉ်။ (သတင်းစဉ်)

...ာ်ကပ် ...ီးတွင် ...ဝတ် ...စေတီ ...လည်း ...ာ်န်း ...တော်ရှိ ...လှူရှင် ...ပါင်း၍ ...စကြာ ...ပခြင်း၊ ...ီတင်း ...နေပိုင်း ...အအေး ...ရားဖူး ...ီတင်း ...ဉ်ကား ...ာတင်း

...င်းစဉ်)

ဘုရားဖူးများ စည်ကား

ဝါဆိုလပြည့်နေ့က ဗိုလ်တထောင်မြို့နယ်ရှိ အသိ သတိ ကြေးသွန်းဘုရားတွင် ဘုရားဖူးလာသူများနှင့် ဤသို့စည်ကားခဲ့စဉ်။ (ကြေးမုံ)

...ုင်သံကြားအစီအစဉ်

...၂၀၀၇ (တနင်္လာနေ့)

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၅ ၆။ အကပဒေသာ
၅:၂၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
၅:၄၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၅၀ ၁၀။ **“ဆုံစည်းခွင့်” (မင်းထက်ကျော်ဇင်၊ ဖိုးသောကြာ၊ မြတ်ကေသီအောင်၊ ချစ်သုဝေ) [ဒါရိုက်တာ–သိန်းဟန်(ဖီးနစ်)]**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ ပြိုင်းချောင်းရေလှောင်တမံ
၆:၄၀ ၁၄။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၆:၅၅ ၁၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (အင်းလေးဒေသ ပန်းထိမ်လုပ်ငန်း)
၇:၁၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သန်းတစ်ရာရွှေအိပ်မက်” (အပိုင်း–၂၀)**
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေး ဒုတိယချစ်ပုံပြင်” (အပိုင်း–၃၁)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

...ဆရာ ...သံဃ ...ကျိုး ...ဓေ ...အဂ္ဂ ...၊ ...၀ ...ဒ္ဓန္တီ ...ဂါရိက၊ ...သိရိန္ဒာ ...) ဟော ...းစို့ ...ား ...သား ...ွယ် ...ws. ...Easy. ...phs ...ား ...န် ...ng.

ရွှေဘုန်းပွင့်စေတီ

ရန်ကုန်မြို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ အကြိမ်(၅၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ကမ္ဘာအေးစေတီ

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဝါဆိုလပြည့်(ဓမ္မာစကြာ အခါတော်နေ့) အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်ပွဲကို ဇူလိုင် ၂၁ ရက်က ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားအတွင်းရှိ မွန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကျိုက်မရောမြို့နယ်ဇာတိဖွား(ရန်ကုန်)ရှိ ကျောင်းထိုင်ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအား အသင်းနာယကများနှင့် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းကြိုင် (ငြိမ်း)တို့က စုပေါင်းဆက်ကပ်ကြစဉ်။ (က–ပ)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၈ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်တပ်ကုန်း ရွာဦးစန္ဒာရုံကျောင်း၊ မိုဃ်းကောင်းဘုရားကြီးကျောင်းနှင့် မြို့မသီဟနာဒကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူ၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့်ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ရွာဦးစန္ဒာရုံကျောင်း ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒာသီရိထံမှ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသော ပရိတ်တရားတော်များကို ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က နာယူကြပြီး ဆရာတော်၊ သံဃာတော်တို့အား ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တရားတော်များနာယူ

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ရွာဦးစန္ဒာရုံကျောင်း ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒာသီရိထံမှ ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့် ဧည့်ပရိသတ်များက ရေစက်ချ အနုမောဒနာ တရားတော်များ နာယူကြသည်။

ထို့နောက်လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် သံဃာတော်များအား ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဇနီးများက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့် ဇနီးဒေါ်ခင်သန်းဝင်းတို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၉

မော်လမြိုင်ကျွန်းမြို့နယ် အသင်း (ရန်ကုန်) ၏ ဓာတ်ဖွား ဆရာတော် ၁၀ပါးအား (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၅ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် သရက်တောကျောင်း အောင်စကြာကျောင်းတိုက် လမ်းမတော်မြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်သက်ကြီး (၇၅-နှစ်နှင့်အထက်) ပူဇော်ပွဲ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင်၏ သား၊ သမီးများနှင့် ပါရဂူဘွဲ့ရသူ ပညာရည်ချွန်ဆုပေးပွဲ၊ ဂုဏ်ပြုပွဲ၊ ၂၀၀၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးများကို ပူးတွဲကျင်းပမည်ဖြစ်သည်။ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ – ဦးသိန်းလှိုင် ဖုန်း– ၂၂၀၆၁၁၉၊ ဒု-ဥက္ကဋ္ဌ ဦးသောင်းညွန့် ဖုန်း– ၂၄၁၁၅၇၊ ဒု-ဥက္ကဋ္ဌ ဦးစိုးမြင့် ဖုန်း– ၂၂၇၂၂၇၊ အတွင်းရေးမှူး ဦးစိုးပိုင် ဖုန်း– ၀၉-၉၉-၂၈၀၂၂ နှင့် ဦးမြင့်မောင် အသင်းတိုက် ဖုန်း– ၂၁၁၂၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မကွေးတိုင်း တိုင်းလုံးကျွတ်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ် ငွေပဒေသာပင်နှင့် စာအုပ်လှူဒါန်းပွဲကို ဇူလိုင် ၆ရက်တွင် မကွေးမြို့၌ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ရဲမှူးကြီးသိန်းကြည်က ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်တစ်သောင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အင်းစိန်မြို့နယ်၊ ကျန်းမာရေးကော်မတီနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သော သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းမြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ ကို ဇူလိုင်၁၈ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေ အဖွင့်အမှာစကားပြောကြားစဉ်။ (၆၁)

လမ်းမတော်မြို့နယ်(၉)ရပ်ကွက် သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၉

လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အမှတ်(၉)ရပ်ကွက်တွင် ဇူလိုင် ၂၁ရက်က ရပ်ကွက်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်း၊ ဆေးမှုတ်ခြင်း၊ အမှိုက်များရှင်းလင်း ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက်ရေမြောင်းများတူးဖော်ခြင်း၊ ရပ်ကွက်တွင်း တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးပညာပေး ဟောပြောပွဲများကို မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများပူးပေါင်းအင်အား ၁၁၈ ဦးဖြင့်ဆောင်ရွက်ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (ခရိုင်ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၉

ဆိပ်ကြီးခနောင်တိုမြို့နယ် ကျန်းမာရေးကော်မတီနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးဆင့်ပွားသင်တန်းကို ဇူလိုင် ၂၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးငွေက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးရီက ရပ်ကွက်မိခင်ကလေးအသင်း ဥက္ကဋ္ဌများအား သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးစာစောင်များလွှဲပြောင်းပေးအပ်သည်။ (၀၆)

တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးစီမံချက်ကို ဇူလိုင် ၂၈ ရက်က (၁၁)ရပ်ကွက် ရာဇသင်္ကြန်လမ်းတွင်ပြုလုပ်ရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူများ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို တစ်အိမ်တက်ဆင်း လိုက်လံဆောင်ရွက်ကြစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိုင်းနှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၃၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ပုံရိပ်ပမာ (အပိုင်း–၆)**
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ မိုးလေဝသသတင်း
- ၁၅။ အမျိုးသားရေးတေးကဗျာ
- ၁၆။ မေးမြန်းစုံစမ်း
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – သိုင်းလောကမုန်တိုင်း ဒုတိယတွဲ(အပိုင်း–၁၉)**
- ၁၉။ သင့်အတွက်မနက်ဖြန်
- ၂၀။ အပိုင်းနှုတ်ဆက်စကား
- ၂၁။ ပြီးပါပြီ။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဒေသဖွံ့ဖြိုး စီးပွားတိုး

ခေတ်အဆက်ဆက် ရှင်သန်ဖွံ့ဖြိုးနေသည့် မြန်မာ့ကြေးသွန်းလုပ်ငန်း

ရန်ကုန် ဇူလိုင် ၂၉

မန္တလေးမြို့သည် မြန်မာ့ရိုးရာ ပန်းဆယ်မျိုးအတတ်ပညာတို့ ထွန်းကားပွင့်လန်းရာဒေသတစ်ခုဖြစ်သည်။ ပန်း ၁၀မျိုးတွင် တစ်ခုအပါအဝင်ဖြစ်သော ကြေးသွန်းလုပ်ငန်းသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ် ပန်းတဉ်းတန်းတွင် အဓိကတည်ရှိသည်။ တမ္ပဝတီရပ် ပန်းတဉ်းတန်းတွင် ကြေးသွန်းလုပ်ငန်းပေါင်း ၁၂ခုရှိပြီး ကျွမ်းကျင်အတတ်ပညာရှင်နှင့် လုပ်သားအင်အား ၂၈၀ ကျော်တို့ရှိကြပြီး ကြေးသွန်းရုပ်ပွားတော် ဉာဏ်တော် အရွယ်အစားအမျိုးမျိုးနှင့် အခြားလူသုံးကုန်နှင့် ရုပ်တုများ သွန်းလောင်းထုတ်လုပ်လျက်ရှိနေသည်။

သတင်းဆောင်းပါး-ဇော်ဝင်း(ကြေးမုံ)
ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)

ကြေးမုံသတင်းအဖွဲ့သည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ် ပန်းတဉ်းတန်းရှိ ဦးစိုးမြင့်-ဒေါ်မြင့်မြင့်အေးတို့၏ ကြေးသွန်းလုပ်ငန်းခွင်သို့ သွားရောက်လေ့လာခဲ့ပြီး ကြေးသွန်းလုပ်ငန်း လုပ်ဆောင်ပုံ၌ အစိတ်အပိုင်းများကို လုပ်ငန်းရှင်များဖြစ်သည့် ဦးစိုးမြင့်၊ ဒေါ်မြင့်မြင့်အေးတို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ ဒေါ်မြင့်မြင့်အေးက-

“မိမိတို့၏ ကြေးသွန်းလုပ်ငန်းတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ကြေးဆင်းတုတော် သွန်းလောင်းပူဇော်လိုသူများ၏ ဉာဏ်တော် အရွယ်အစားအမျိုးမျိုး မှာကြားလာ

ဆင်းတုတော်များ မိုဖမ်း ဖယောင်းကပ်သည့် လုပ်ငန်းခွင် တစ်စိတ်တစ်ပိုင်းကို တွေ့ရစဉ်။

ပါက ပုံတော်နှင့် ဉာဏ်တော်အလိုက် သီးခြားသွန်းလောင်းပေးရကြောင်း၊ အနိမ့်ဆုံး ဉာဏ်တော် ၁၈လက်မမှ ဉာဏ်တော် အမြင့်ဆုံး ၁၃ပေအထိ သွန်းလောင်းပေးကြောင်း၊ ဉာဏ်တော်အရွယ်အစား ကြီးမားသော ဆင်းတုတော်များကို အစိတ်အပိုင်းအလိုက် ကြေးရည်သွန်းလောင်းပြီး ကြေးဂဟေဖြင့် ပြန်လည်ဆက်စပ်ယူရကြောင်း”ဖြင့် ၎င်းတို့ ကြေးသွန်းလုပ်ငန်း၏ သွန်းလောင်းနိုင်သော ဆင်းတုတော်များ၏ အရွယ်အစားကို ဦးစွာရှင်းပြသည်။

ဆက်လက်၍ ဦးစိုးမြင့်က ဆင်းတုတော်များ ကြေးရည်မသွန်းလောင်းမီ ပုံစံပြုခြင်းမှစ၍ ပြောကြားရာတွင် **“မိမိတို့အနေဖြင့် ကြေးသွန်းလုပ်ငန်းတွင် အဓိကကုန်ကြမ်းများအဖြစ် မြေနီ၊ ဖွဲကြမ်း၊ မြေနုနှင့် မြင်းချေး၊ ကော်ရည်နှင့် ဖယောင်းတို့ကို အသုံးပြုကြောင်း၊ အခြား အသုံးပြုရသည်များမှာ ရေနံချေး၊ အင်တွဲနှင့် မြေဝါတို့လည်း ပါဝင်ကြောင်း၊ ကြေးနှင့်သွပ်မှာ မပါမဖြစ် ကုန်ကြမ်းများဖြစ်ကြောင်း၊ လုပ်ငန်းအပ်နှံသူများ မှာကြားသည် ပုံတော်နှင့် ဉာဏ်တော်အရ ရှေးဦးစွာ ပုံတည်ရကြောင်း၊ ပုံတည်ရာတွင် မြေနီ၊ ဖွဲကြမ်းတို့ဖြင့် ရုပ်ပွားတော်ပုံကြမ်းပြုရကြောင်း၊ ပုံကြမ်းကို ရရင် မြေနုစားရကြောင်း၊ မြေနုစားပြီးပါက ဖယောင်းကပ်ရကြောင်း၊ ဖယောင်းကပ်ပြီးပါက မြင်းချေး၊ မြေဝါတို့ဖြင့် တစ်ထပ်မံရကြောင်း၊ ပြီးလျှင်တစ်ရက်မှ သုံးရက်အကြာ အရွယ်အစားအလိုက် အခြောက်ခံရကြောင်း၊ ဉာဏ်တော် ၁၈လက်မအရွယ် ဆင်းတုတော်များအား ဖွဲကြမ်းနှင့် မြေနီတစ်ထပ်၊ ၃၀လက်မ အရွယ်အတွက် နှစ်ထပ်နှင့် ၄၅လက်မ အရွယ်အထက် ဉာဏ်တော်ရှိ ဆင်းတုတော်များကို သုံးထပ်မံကာ သံမှိုနှက်၊ သံပတ်ရိုက်ရကြောင်း၊ ခွာချုပ်သည်ဟုခေါ်ကြောင်း၊ ပြီးမှ ပုံတိုက်ရကြောင်း၊ ပုံတိုက်ခြင်းမှာ အဆင့်ဆင့်ပြုပြီး မိုဖမ်းထားသည့် ဆင်းတုတော်ထဲမှာ ဖယောင်းကို မီးအပူတိုက်ကာ ပြန်ထုတ်ယူခြင်းဖြစ်ကြောင်း၊ မိုဖမ်းထားသည့် ဆင်းတုထဲမှ ဖယောင်းကို ထုတ်ယူပြီး ကြေးရည်ကို ကြေးရည်သွင်းပေါက်များမှ လောင်းထည့်ခြင်းဖြင့် ကြေးဆင်းတု ပုံကြမ်းကိုရရှိခြင်းဖြစ်ကြောင်း၊ ဖယောင်းကပ်ရာတွင် ဖယောင်းဒ သုံးမတ်၊ တစ်မတ်ဒ အစရှိသဖြင့် ထည့်သွင်းရကြောင်း၊ ပုံတိုက်နေစဉ်မှာပင် ကြေးရည်ကို ကျိုထားရကြောင်း၊ ပုံတိုက်ရာတွင် ညဇနာရီမှ နံနက်၈နာရီအထိ မိုပုံဖမ်းထားသည့် ရုပ်ပွားတော်ကို အုတ်ချပ်များဖြင့် မံကာ ထင်းမီးမျှင်းမျှင်းဖြင့် ဖယောင်းကုန်အောင် ထုတ်ယူရကြောင်း၊ ဖယောင်းကုန်ပြီး ပုံနှပ်သားရမှ ကြေးသွင်းပေါက်များမှ ကြေးရည်ကိုလောင်းရကြောင်း”**ဖြင့် ခြုံငုံရှင်းပြသည်။

ဆက်လက်၍ ဒေါ်မြင့်မြင့်အေးက မိုဖမ်းထားသည့် ရုပ်ပွားတော်အား ပုံတိုက်နေစဉ်မှာပင် ကြေးတစ်ပိဿာလျှင် သွပ် ၈၀ ကျပ်သား အချိုးဖြင့် ရောစပ်ကာ တစ်ပြိုင်တည်း ကြေးကျိုရကြောင်း၊ ကြေးကျိုသည့် လုံမှာ ကြေးပိဿာ ၂၅၀အထိ ဝင်ဆံ့ကြောင်း၊ ဉာဏ်တော်လေးပေရှိ ရုပ်ပွားတော်တစ်ဆူအတွက် ကြေးပိဿာ ၁၂၀ခန့်ကျိုရကြောင်း၊ ကြေးကျိုရာတွင် မီးသွေးကို အသုံးပြုကြောင်း၊ ကြေးရည်ရှင်သည်အထိ ကျိုချက်ချိန် ခုနစ်နာရီကြာကြောင်း၊ ကြေးရည်ရှင်သည် ဆိုသည်မှာ ရုပ်ပွားဆင်းတုတော် သွန်းလောင်းရန်အတွက် အကောင်းဆုံး ကြေးပျော်ရည်ရရှိခြင်းကို ဆိုလိုကြောင်း၊ ပုံတိုက် ဖယောင်းထုတ်ပြီး ဆင်းတုတော်ကို ဉာဏ်တော် အရွယ်အစားအလိုက် တူးဖော်ထားသည့် မြေကျင်းထဲသို့ ဇောက်ထိုးထည့်သွင်းကာ ကြေးသွင်းပေါက်များမှတစ်ဆင့် ကြေးရည်ကို အဆက်မပြတ် သွန်းလောင်းရခြင်းဖြစ်ကြောင်း ဆက်လက်ရှင်းလင်းပြောကြားသည်။

ကြေးပွတ်လုပ်သားတစ်ဦးက ဉာဏ်တော်လေးပေရှိ ကြေးဆင်းတုတော်အား ရောင်တော်ဖွင့်စဉ်။

၎င်းတို့၏ကြေးသွန်းလုပ်ငန်းမှာ မျိုးရိုးစဉ်ဆက်လုပ်ကိုင်လာသော မိသားစုလုပ်ငန်းဖြစ်ရာ အဆိုပါလုပ်ငန်းတွင် မိုဖမ်း လုပ်သားငါးဦးနှင့် ကြေးပွတ်အချောကိုင်လုပ်သား ရှစ်ဦးရှိသည်။ ဖယောင်းကပ်ခြင်းကို မိသားစုဝင်များက အစဉ် အဆက် ဆက်ခံလုပ်ကိုင်ကြပြီး အနည်းဆုံး လုပ်သက် ခြောက်နှစ်၊ ခုနစ်နှစ်မှ ကောင်းစွာကျွမ်းကျင်နိုင်ကြောင်း၊ ဉာဏ်တော်ကြီးသော ရုပ်ပွားတော်ကြီးများအတွက် ဖယောင်းထုတ်ပြီးပါက လုပ်ငန်းအပ်နှံသူခေါ်ယူပြသပြီး စိတ်ကျေနပ်မှုရှိမှ ကြေးသွန်းကြောင်း၊ ခြောက်ပေအထက် ဆင်းတုတော်ကြီးများကို အစိတ်အပိုင်းအလိုက် သွန်းလောင်းပြီးမှ ကြေးဂဟေဆက်ကြောင်း၊ ဆင်းတုတော်၏ ဦးခေါင်းပိုင်းကို သီးသန့်သွန်းလောင်းကြောင်းဖြင့် သိရှိရသည်။

ကြေးသွန်းရုပ်ပွားတော် ပူဇော်လိုသူများက လုပ်ငန်းအပ်နှံရာတွင် ၁၈လက်မ ဉာဏ်တော်ရှိပါက ရက် ၂၀၊ သုံးပေအရွယ်အစားဖြစ်က သုံးလနှင့် ၁၃ပေအရွယ်အစား ရုပ်ပွားတော်များအတွက် အချိန် ခြောက်လမျှကြာမြင့်ကြောင်း၊ ၁၈လက်မအရွယ် ရုပ်ပွားတော်များ ပုံတိုက်ရာတွင် ၁၀ ဆူ၊ သုံးပေ အရွယ် ရုပ်ပွားတော်များအတွက် ငါးဆူပြည့်မှ တစ်ကြိမ်ပုံတိုက်ပါကြောင်း၊ ရုပ်ပွားတော်များ ပုံတည်မိုဖမ်းရာတွင် ဖယောင်းတစ်ပိဿာ အသုံးပြုပါက သွန်းလောင်းရသည့် ကြေးအချိန်မှာ ၁၀ ပိဿာဖြစ်ကြောင်း ဦးစိုးမြင့်က ဖြည့်စွက်ပြောကြားသည်။

ကြေးရည်သွန်းလောင်းပြီး ရရှိလာသော ရုပ်ပွားတော် အရွယ်အစား အမျိုးမျိုးတို့အား အချောကိုင် ရောင်တော်ဖွင့်ရာတွင် ကြေးပွတ်လုပ်သားများက ဆက်လက်ဆောင်ရွက်ကြသည်။ ရုပ်ပွားတော်အား ရွှေချခြင်း၊ မူလကြေးရောင်ပွင့်အောင် အရောင်တင်ခြင်းအဆင့်ဆင့် ပြီးဆုံးပါက ရွှေရောင်၊ ကြေးရောင်ဖိတ်ဖိတ်လက်သော ကြည်ညိုဖွယ် ရုပ်ပွားတော်များကို သပ္ပာယ်စွာ ဖူးတွေ့နိုင်ပြီဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့သည် မြန်မာပြည်အရပ်ရပ်က မှာကြားထားသည့် ဆင်းတုတော်အရွယ်အစားအမျိုးမျိုးတို့ကို မိုဖမ်း၊ ပုံတိုက်၊ အချောကိုင်မှုများကို ဆက်လက်လေ့လာမှတ်တမ်းတင်ခဲ့သည်။ ကြေးသွန်းလုပ်ငန်းသည် မြန်မာ့ရိုးရာ လက်မှုအနုပညာတစ်ရပ်ဖြစ်ပြီး ဒေသ ဖွံ့ဖြိုးမှုအထောက်အကူပြုလုပ်ငန်းလည်း ဖြစ်သည်။ တစ်နည်းအားဖြင့် ခေတ်အဆက်ဆက် ရှင်သန်ဖွံ့ဖြိုးနေသည့် မြန်မာ့ရိုးရာလက်မှုပညာလုပ်ငန်းတစ်ရပ်လည်း ဖြစ်ပါသည်။ ။

ရုပ်ပွားဆင်းတုတော်တစ်ဆူအား ပုံတိုက်ရန် (မီးအပူပေးပြီး ဖယောင်းထုတ် ယူရန်)ပြင်ဆင်ထားသည်ကို ဤသို့တွေ့ရသည်။

ကြေးသွန်းလုပ်ငန်းကို စိတ်ဝင်တစား လာရောက်လေ့လာကြသည့် ကမ္ဘာလှည့် ခရီးသည်များအား တွေ့ရစဉ်။

ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေအခြေအနေ

နေပြည်တော် ဇူလိုင် ၂၉

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ကသာမြို့တွင် ၁၀၆၇ စင်တီမီတာ၊ မန္တလေးမြို့တွင် ၁၂၇၉ စင်တီမီတာနှင့် စစ်ကိုင်းမြို့တွင် ၁၁၆၆ စင်တီမီတာသို့ ရောက်ရှိနေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ် အသီးသီးဖြစ်သော စင်တီမီတာ ၁၀၄၀၊ စင်တီမီတာ ၁၂၆၀နှင့် စင်တီမီတာ ၁၁၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ခန္တီးမြို့တွင် ၁၄၉၈စင်တီမီတာ၊ မော်လိုက်မြို့တွင် ၁၃၈၈စင်တီမီတာ၊ ကလေးဝမြို့တွင် ၁၆၃၄ စင်တီမီတာနှင့် မုံရွာမြို့တွင် ၁၀၁၁ စင်တီမီတာသို့ ရောက်ရှိနေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ် အသီးသီးဖြစ်သော စင်တီမီတာ ၁၃၆၀၊ စင်တီမီတာ ၁၂၃၀၊ စင်တီမီတာ ၁၅၅၀နှင့် စင်တီမီတာ ၁၀၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

NLD ပါတီသည် စည်းလုံးညီညွတ်မှုပြိုကွဲနေ၊ ပါတီခေါင်းဆောင်များနှင့် ပါတီ၏လုပ်ရပ်များကို ယုံကြည်အားထားမှုမရှိတော့သဖြင့် ဝမ်းတွင်းမြို့နယ်မှ ပါတီဝင်နှစ်ဦးနုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၉

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကိုကိုနှင့် ဦးချစ်ကိုကိုတို့သည် ဇူလိုင် ၁၇ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကိုပေးပို့နုတ်ထွက်ခဲ့ကြသည်။ ဝမ်းတွင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် စည်းလုံးညီညွတ်မှုပြိုကွဲနေကြောင်း၊ ပါတီခေါင်းဆောင်များနှင့် ပါတီ၏လုပ်ရပ်များကို ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

အာရှဖလားဘောလုံးပြိုင်ပွဲ အီရတ်အသင်း ပထမအကြိမ် ဗိုလ်စွဲ

ဂျကာတာ ဇူလိုင် ၂၉

အာရှဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အီရတ်အသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဂယ်လိုရာဘွန်းကာနို အားကစားကွင်းတွင် ယနေ့ယှဉ်ပြိုင်ကစားကြရာ အီရတ်အသင်းက ဆော်ဒီအာရေဗျအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

အီရတ် ဘောလုံးဝါသနာအိုးများက ဗိုလ်လုပွဲကျင်းပပုံကို ရုပ်မြင်သံကြားမှ အားပေးကြည့်ရှုခဲ့ကြရာ ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးကို တင်းကျပ်ထားရသည်။ ဘောလုံးဝါသနာအိုးများ စုဝေးနေသည့်နေရာများကို ဗုံးခွဲတိုက်ခိုက်နိုင်သဖြင့် လုံခြုံရေးသတိရှိကြရန် အီရတ်အာဏာပိုင်များက နှိုးဆော်ခဲ့သည်။

ဇူလိုင် ၂၅ရက်က အကြိုဗိုလ်လုပွဲတွင် အီရတ်အသင်းက တောင်ကိုရီးယားအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အီရတ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ လူ ၅၀ ခန့် သေဆုံးခဲ့ရသည်။

ဗိုလ်လုပွဲကျင်းပချိန်နှင့် ကျင်းပပြီးချိန်တွင် ဘဂ္ဂဒက်မြို့၌ မော်တော်ကားများ မောင်းနှင်ခြင်းမပြုရန် အာဏာပိုင်များက ပိတ်ပင်ထားသည်။

ဗိုလ်လုပွဲတွင်အီရတ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းပေးသူမှာ ယူနစ်မာမွတ်ဖြစ်သည်။

ပွဲပြီးဆုံးရန် ၁၉မိနစ်အလိုတွင် ၎င်းက ခေါင်းတိုက်ဂိုးသွင်းခဲ့သည်။ မာမွတ် သည် အာရှဖလားဘောလုံးပြိုင်ပွဲတွင် စုစုပေါင်း လေးဂိုးသွင်းယူခဲ့သည်။

ဆော်ဒီအာရေဗျအသင်းသည် ဗိုလ်လုပွဲအဆင့်အထိ တက်လှမ်းခဲ့ရာ၌ ၁၂ဂိုး အထိ သွင်းယူနိုင်ခဲ့သော်လည်း အီရတ်အသင်း၏ အင်အားတောင့်တင်းသော နောက်တန်းကို ထိုးဖောက်နိုင်ခြင်းမရှိခဲ့ပေ။

ဇူလိုင် ၂၉ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပသော အာရှဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အနိုင်ရရှိသည့် အီရတ်အသင်းမှ ဘောလုံးသမားများ အောင်ပွဲခံနေကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အာရှဖလားဘောလုံးပြိုင်ပွဲတွင် သုံးကြိမ်တိုင်တိုင် ချန်ပီယံဆုဖလားရရှိခဲ့သော ဆော်ဒီအာရေဗျအသင်း အနိုင်ရရှိမည်ဟု အများကမျှော်လင့်ခဲ့ကြသော်လည်း ဗိုလ်လုပွဲတွင် အီရတ်အသင်းက ပြိုင်ဘက်အသင်းကို လွှမ်းမိုးထားနိုင်ခဲ့သည်။ အီရတ်အသင်းသည် အာရှဖလားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားရရှိခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ **အင်တာနက်**

နိုင်ငံတကာ အားကစားသတင်းများ

၂၀၁၁ ခုနှစ် အာရှဖလားပွဲ ကာတာတွင်ကျင်းပမည်

ဂျကာတာ ဇူလိုင် ၂၉

အာရှဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ) ၏ ၂၀၁၁ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲကို ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ်က ယနေ့ထုတ်ပြန်ကြေညာသည်။ အာရှဘောလုံးအဖွဲ့ချုပ် အမှုဆောင်ကော်မတီ၏ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပခဲ့ပြီးနောက် အေအက်ဖ်စီဥက္ကဋ္ဌ မိုဟာမက်ဘင်ဟမ်မန်းက ထုတ်ဖော်ကြေညာခြင်းဖြစ်သည်။ **အင်တာနက်**

ချန်ပီယံဆုဖလား မန်ယူ ပြန်လည်ရရှိရေး စီရော်နယ်လ်ဒို အရေးပါ

မန်ချက်စတာ ဇူလိုင် ၂၉

အင်္ဂလိပ်ပရီမီယာလိဂ် ချန်ပီယံဆုဖလားကို မန်ချက်စတာ ယူနိုက်တက်အသင်း ပြန်လည်ရယူနိုင်ရေးတွင် ခရစ်ရှန်နိုရော်နယ်လ်ဒို၏ အခန်းကဏ္ဍမှာ အရေးပါသည်ဟု မိမိတို့ ယူဆကြောင်း ၎င်း၏ အသင်းဖော်များက ယနေ့ပြောကြားသည်။ လာမည့်ဘောလုံးရာသီတွင် ဝိန်းရူနီ၊ ရိုင်ယန်ဂစ်နှင့် ပေါလ်စခိုးလ်တို့မှာ ထိပ်တန်းဘောလုံးသမားများအဖြစ် ဆက်လက်ရပ်တည်ကြမည်ဖြစ်ကြောင်း၊ ရော်နယ်လ်ဒို၏အရည်အချင်းမှာ ပိုမို၍ပင် ကောင်းမွန်လာမည်ဟု မိမိယူဆကြောင်း၊ စိတ်ဓာတ်ရေးရာအရလည်း ၎င်းမှာ အားမာန် အပြည့်ရှိနေကြောင်း နောက်တန်းကစားသမား လူဝက်စ်ဘရောင်းက ပြောကြားသည်။ **အင်တာနက်**

အသက်(၂၀)အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်းယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၉

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ဇူလိုင် ၃၁ရက်မှ ဩဂုတ် ၁၃ရက်အထိ ကျင်းပမည့် ၂၀၀၇ခုနှစ် အသက် (၂၀) အောက် အာဆီယံ လူငယ်ဘောလုံးပြိုင်ပွဲ၌ပါဝင်ယှဉ်ပြိုင်ရန် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းခေါင်းဆောင်သော မြန်မာလူငယ် ဘောလုံးအသင်းသည် ယနေ့ မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(အောက်ပုံ)**

မြန်မာလူငယ်ဘောလုံး အသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးမောင်ဝင်း၊ အုပ်ချုပ်သူ ဦးတင်ဟန်၊ နည်းပြချုပ် ဦးဆန်းဝင်း၊ လက်ထောက်နည်းပြ ဦးစိုးမိုး၊ ဂိုးနည်းပြ ဦးစိုင်းမောင်မောင်ဦး၊ ဆရာဝန် ဒေါက်တာအောင်ကိုကိုဝင်း၊ ကစားသမား–ဇန်လားဟရှယ်၊ နေလှိုင်းအောင်ကျော်မျိုး၊ ကျော်ကျော်ခိုင်၊ ဇင်မျိုးအောင်၊ ဒေးဗစ်ဒန်း၊ ဝေလင်း၊ တင်ဝင်းအောင်၊ ဇော်လင်း၊ ပြည့်ဖြိုးဦး၊ မြင့်နိုင်၊ ကိုကိုမောင်၊ နေအောင်၊ သန်းထွန်းအောင်၊ ရန်မျိုးအောင်၊ ဇော်နိုင်ထွန်း၊ နိုင်လင်းထွန်းနှင့် မင်းကိုကိုတို့ ပါဝင်ကြသည်။

မြန်မာလူငယ်အသင်းသည် မလေးရှား၊ စင်ကာပူ၊ လာအို၊ ဘရူနိုင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ပြီး ဩဂုတ် ၁ ရက်တွင် လာအို၊ ၅ ရက်တွင် မလေးရှား၊ ၇ ရက်တွင် ဘရူနိုင်း၊ ၉ ရက်တွင် စင်ကာပူတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (ကြေးမုံ)



အစည်းအဝေး တက်ရောက်ရန် ထွက်ခွာ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပသော အာရှဘောလုံးအဖွဲ့ချုပ် (AFC) အမှုဆောင်များ အစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်အား တွေ့ရစဉ်။ (ကြေးမုံ)

ယနေ့မိုးလေဝသ ၃၀–၇–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မလေးရှားနိုင်ငံ Sunway University College ၏ ပညာရေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့ရှိ အာရှပစိဖိတ်အတိုင်ပင်ခံလီမိတက် (Asia Pacific Consultancy Ltd)နှင့် မလေးရှားနိုင်ငံ FRZ Samudera Sdn Bhd ကုမ္ပဏီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မလေးရှားနိုင်ငံ Sunway University College ၏ ပညာရေးဆွေးနွေးပွဲကို ဩဂုတ် ၃ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ညနေ ၃နာရီမှ ၆နာရီအထိလည်းကောင်း၊ ဩဂုတ် ၅ရက် (တနင်္ဂနွေနေ့)တွင် မန္တလေးမြို့ MICT Park (YCC) ၌ မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲများတွင် Sunway တက္ကသိုလ်မှ ပါမောက္ခများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများကိုယ်တိုင် လာရောက်ဟောပြောဆွေးနွေးမည်ဖြစ်သည်။ ဆွေးနွေးပွဲများသို့ မိဘများ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများနှင့် ကျောင်းသား၊ ကျောင်းသူများအပြင် အခြားစိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက် လေ့လာဆွေးနွေးနိုင်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ရရှိထားသည့် ပညာရေးအောင်လက်မှတ်များနှင့် အမှတ်စာရင်းများကို တစ်ပါတည်းယူဆောင်လာကာ ပညာသင်ဆု (Scholarship)၊ ဘာသာရပ်နှင့် အတန်းကျော်ကင်းလွတ်ခွင့် (Exemption) ရရှိနိုင်မည့် အခွင့်အရေးများကို တိုက်ရိုက်စုံစမ်းဆွေးနွေးရယူနိုင်ကြောင်း၊ ယင်းတက္ကသိုလ်သို့ ဝင်ခွင့်ရရှိနိုင်ရန် အင်္ဂလိပ်ဘာသာအရည်အချင်းစစ်စာမေးပွဲ (English Placement Test)ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရှိရသည်။

Sunway တက္ကသိုလ်သည် UK နိုင်ငံ Lancaster University၊ ဩစတြေးလျနိုင်ငံ Victoria University,Melbourne တို့နှင့် ချိတ်ဆက်ထားရှိပြီး ယင်းတက္ကသိုလ်တွင် ဘွဲ့ရသည်အထိလည်းကောင်း၊ အဆိုပါတက္ကသိုလ်တွင် နှစ်အချို့တက်ရောက်ပြီး ပညာသင်ကာလ၏ ကျန်နှစ်များကို ဖော်ပြပါတက္ကသိုလ်ကြီးများတွင်လည်းကောင်း တက်ရောက်နိုင်သည်။ ဘာသာရပ်အချို့အတွက် ဘွဲ့လွန်(မဟာဘွဲ့)များကိုလည်း ဖော်ပြပါ တက္ကသိုလ်ကြီးများအပြင် အခြားနိုင်ငံများရှိ ချိတ်ဆက်ထားသော တက္ကသိုလ်ကြီးများသို့လည်းကောင်း တက်ရောက်နိုင်ပြီး ဒီပလိုမာ/ဘွဲ့ဒီဂရီများ ရယူနိုင်သည်။

Sunway တက္ကသိုလ်တွင် လေ့လာသင်ကြားနိုင်သည့် ဘာသာရပ်များမှာ Pre-University Studies(Pre-U), American Degree Transfer Programme (ADTP), Business Administration, Engineering , Communication, Computer Science, Natural Science, Aviation နှင့် English Language Programme စသည်တို့ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက အမှတ်(၆၇) ဒီ–၁ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ဖုန်း–၅၄၉၉၂၉၊ ၃၈၃၈၁၅၊ ၃၇၁၃၅၉၊ ၀၉၅၁၄၁၈၅၄၊ ၀၉၅၀၀၄၉၉၂၊ ၀၉၅၀၁၁၆၅၄၊ ၀၉၅၁၇၀၆၈၈၊ ၀၉၅၁၂၃၀၇၅၊ ၀၉၅၀၆၆၆၆၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၉)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၉

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၉)တွင် အလိုကြီး အရနည်းမဖြစ်လိုပါ၊ မျက်မှောက်ရေးရာသုံးသပ်ချက် အထူးသတင်းဆောင်းပါးနှင့်အတူ ခရီးသည်တင်ယာဉ်လိုင်းများမှ ဒိုင်နာယာဉ်များ တဖြည်းဖြည်းရုပ်သိမ်းသွားမည်၊ အင်းစိန်ဂိုဏ်အိုင်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေး၊ ပြည်ပထွက်ခွာမည့်သူများ လူစားထိုးဆေးစစ်ခြင်း မပြုသင့်၊ အလှူဒါနအတွက် လက်မတွန့်တတ်သည့် မြန်မာလူမျိုးတို့ စိတ်ထားအပေါ် ခုတုံးလုပ်လိမ်လည်တောင်းယူသူများပြားလာ၊ ရန်ကုန်စည်ပင်နယ်နိမိတ် ၁၉ မြို့နယ်တွင် အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်မှအပ အခြားတိရစ္ဆာန်များ မွေးမြူခွင့်တားဆီးရန် လျာထားလျက်ရှိ စသည့်ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အရင်ကတော့ ရီးယဲလ်ရဲ့ ကစားသမား၊ အခု ရီးယဲလ်ကို နည်းပြဘဝနဲ့ ပြန်လာတဲ့ ဘန်ရှူးစတား အားကစားဆောင်းပါးနှင့်အတူ ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံစံချိန် ဒူဘိုင်းတိုက်က ချိုးတော့မည်၊ ဟယ်ရီပေါ်တာ အံ့ဖွယ်ဖြစ်စဉ် နောက်ဆုံးသတ္တမစာအုပ်၌ အထွတ်အထိပ်သို့ရောက်၊ ထိုင်းဆပ်ကပ်ဆင် လူတစ်ဦးကိုနင်းခြေသတ်၊ လျှောင်ဒဏ်ထိ ဂျပန်အဏုမြူလျှပ်စစ်စက်ရုံ တစ်နှစ်ကြာပိတ်ထားရဖွယ်ရှိ၊ ကုလသမဂ္ဂအကြီးအကဲက သမ္မတဘုရှ်၏ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအဆိုကို ကြိုဆိုစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

တန်ကက်စင်(ခ)ဒေါ်ခင်စန်းဝင်း[၁၂/လသန(နိုင်)၀၀၁၉၅၅]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၇၄)နေ ချော်တိုက်ဖောက်(ခ)ဦးတင်မြင့်[၁၂/ကတတ(ဧည့်)၀၀၀၄၀၇]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဗိုလ်ရွှေလမ်း၊ အမှတ်(၁၅၉–B)၊ မြေညီထပ်ကို ချော်တိုက်ဖောက်(ခ)ဦးတင်မြင့်၏ ဖခင် ချိုလုံပင်(ခ) Ah Kyaung က ဂူအာကျွမ်းထံမှ (၂၅–၄–၄၇)ရက်စွဲပါ စာချုပ်ဖြင့် အသိသက်သေများ ရှေ့မှောက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထိုသို့ဝယ်ယူခဲ့ပြီးနောက် ဖခင်ဖြစ်သူ ချိုလုံပင်နှင့် သားဖြစ်သူ ဦးတင်မြင့်တို့သည်အတူတကွ ဆက်လက်နေထိုင်၍ ဆံသလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြပါသည်။

၁၉၅၅ ခုနှစ်တွင် ဖခင် ချိုလုံပင် ကွယ်လွန်ပြီးနောက် ဦးတင်မြင့်က အဆိုပါတိုက်ခန်းကို အမွေဆက်ခံလက်ဝယ်ရရှိပိုင်ဆိုင်လာပြီး ဆက်လက်နေထိုင်ခဲ့ပါသည်။ ထို့နောက် ဆိပ်ကမ်းသာလမ်းရှိ နေအိမ်သို့ ပြောင်းရွှေ့နေထိုင်စဉ် သားဖြစ်သူ ဦးမောင်မောင်စိန်နှင့် မိသားစုကို(၂၈–၁၀–၈၇) နေ့တွင် ဦးတင်မြင့်က နေထိုင်ခွင့်ပြုခဲ့ပါသည်။

၂၀၀၄ ခုနှစ်တွင် ဦးမောင်မောင်စိန်နှင့် ဇနီးဖြစ်သူဒေါ်ခင်စန်းဝင်းသည် အဆိုပါအဆောက်အအုံ၏ ပထမထပ်မှ အခန်းကိုငှားရမ်းနေထိုင်ပြီး ဖခင် ဦးတင်မြင့်ပိုင်အခန်းကို ငှားရမ်းခဲ့ပါသည်။ ငှားရမ်းခြင်းစာချုပ်သည် (၇–၈–၂၀၀၇) နေ့တွင် ကုန်ဆုံးမည်ဖြစ်ပါသည်။ သားဖြစ်သူ ဦးမောင်မောင်စိန်သည် (၄–၅–၂၀၀၇) နေ့တွင် ကွယ်လွန်ခဲ့ပြီဖြစ်၍ ဖခင်ဖြစ်သူ ဦးတင်မြင့်က ၎င်းပိုင်အခန်းကို ပြန်လည်ရယူနေထိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ ငှားရမ်းခြင်းကုန်ဆုံးသည့်(၇–၈–၂၀၀၇)နေ့မှစ၍ ဦးတင်မြင့်ပိုင် တိုက်ခန်းအတွင်းသို့ မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ပစ္စည်းများထားရှိခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ရယူခြင်း မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း (Without Prejudice) ကြေညာအပ်ပါသည်။

ဦးတင်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးသောင်းမြင့်
B.A(Law),LLB, D.M.L,D.B.L,D.I.L
တရားရုံးချုပ်ရှေ့နေ
ဖုန်း–၃၇၉၀၆၆၊ ၀၉–၉၉ ၂၀၁၃၇

အရှင်ဣန္ဒက၏ တရားပွဲများ

ရန်ကုန် ဇူလိုင် ၂၉

နယ်လှည့်ဓမ္မကထိက အရှင်ဣန္ဒကသူမြတ်သည် ဇူလိုင် ၂၉ရက် ည ၇ နာရီခွဲတွင် သာကေတမြို့နယ် (၅)ရပ်ကွက် သာသနရက္ခိတဓမ္မာရုံ ဩဂုတ် ၁၃ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ်ရွှေကျင်ကျောင်းတိုက် ဓမ္မာရုံတို့၌ တရားဓမ္မ ဟောကြားတော်မူမည်ဖြစ်သည်။ ဆရာတော်နှင့် ဆက်သွယ်လိုလျှင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ရန်ကုန်သစ်ရပ်ကွက် မြို့ဦးစေတီအနီး စံရိပ်ငြိမ်ကျောင်းတိုက် ဖုန်း-၀၉-၅၁၆၈၈၂၉ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

မွေးနေ့ဆုတောင်း

တစ်ဦးတည်းသော **ချစ်သားလေး မောင်ဖြိုးဝေယံကျော်** (ဖူးဖူး) ပဌမတန်း (B) TTC ၏ ၁၀-၇-၂၀၀၇နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ကျန်းမာချမ်းသာပြည့်စုံပြီး ချစ်သားလေး၏ လိုအင်ဆန္ဒများ ပြည့်ဝ၍ ထူးချွန်ထက်မြက်သော သားကောင်းရတနာလေး ဖြစ်ပါစေလို့ ဆုတောင်းလျက်-

ချစ်ဘိုးဘိုး -ချစ်ဘွားဘွား
ချစ်ဦးဦး -ဒေါ်ဒေါ်
ချစ်ပါပါး -ဦးဝင်းကျော်(ဦးချောင်း)
ချစ်မာမား -ဒေါ်မိုးမိုးလွင်(3 D စတိုး၊ ကော့သောင်း)
ချစ်မမ -မမြချိုချိုလွင် (3D စတိုး၊ ကော့သောင်း)
ချစ်ညီမလေး-မမြတ်နိုးသီရိကျော်၊ ဒုတိယတန်း(A)TTC

ဂုဏ်ရည် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မှ
ဗဟန်း(၃)လမ်း၊ အမှတ်(၁၁)တွင် အောက်ပါဆေးများကိုရရှိနိုင်ပါသည်။

အတွင်းအပြင်လိပ်ခေါင်းဆေး၊ သွေးချို၊ ဆီးချိုကျဆေး၊ အဆစ်ရောင်ကိုက်၊ လေးဖက်နာဆေး၊ အဆီပိုခြင်း၊ အဝလွန်ခြင်းများအတွက် အဆီချေဖျက်ပြာဆေး၊ သွေးတိုးကျဆေး၊ ချောင်းဆိုးရောဂါပျောက်ဆေး၊ အဖုအကျိတ်များအတွက် အဖုအကျိတ် ရောဂါသောက်ဆေး၊ အစာအိမ်လေနာပျောက်ဆေးများကို ရရှိနိုင်ပါသည်။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၀၂၁၀ YR ၆၉၁၉၊ ၀၇၀၉ YR ၃၇၅၇၊ ၀၇၀၉ YR ၃၇၅၆၊ ၁၂၀၉ YR ၅၀၅၀
၁၂၀၉ YR ၀၇၇၈၊ ၁၂၀၉ YR ၅၀၁၁၊ ၁၂၀၉ YR ၅၁၁၊ ၁၂၀၉ YR ၅၀၆၀
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၁၁/၂၀၀၅၊ တဆထလ/တိုး(၀၂၉၉)

အချိန် ➢ နံနက် ၁၀း၀၀ နာရီ မှ ညနေ ၃း၀၀ နာရီ
နေ့ရက် ➢ တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ စနေ
ပင်ရင်း ➢ ၈၂/၂ ၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။
တနင်္ဂနွေနေ့ပိတ်သည်။ ☎ ၀၁-၆၄၁၅၀၁
(အမြို့မြို့ရှိ တိုင်းရင်းဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။)

GOLDEN CITY
Shopping Centre
ဝသန်ဦးအထူးကံစမ်းဈေးရောင်းပွဲတော်
Only One Month Lucky Draw 1.8.07 မှ 31.8.07 ထိ

☞ သစ်လွင်ဆန်းသစ်မှုများဖြင့် Golden City Shopping Centre ကို 5.5.07 မှစတင်၍ ပြန်လည်ဖွင့်လှစ်နေပါပြီ…
☞ ဝယ်ယူအားပေးသော မိတ်ဟောင်း၊ မိတ်သစ်များအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် 1.8.07 မှ 31.8.07 အထိ-ကျပ် 10000နှင့်အထက် ဝယ်ယူသူမိတ်ဆွေများအတွက် ကက်ဆက်၊ ပန်ကာ၊ ထမင်းပေါင်းအိုး၊ ဓါတ်ဗူး အစရှိသော အဖိုးတန်ပစ္စည်းများကို ကံစမ်းမဲဖောက်ပေးပါမည်။
☞ အထူးအစီအစဉ်အဖြစ်အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်းတွင် လက်ဆောင်ပစ္စည်းများကို ချက်ချင်းရယူနိုင်သော ကံစမ်းမဲအစီအစဉ်ကိုဈေးဝယ်ရင်း တပျော်တပါး ဆင်နွှဲနိုင်ရန် စီစဉ်ထားပါသည်။

လိပ်စာ - Golden City (I) -အမှတ် ၁၆ မှ ၂၂ ပဒုမ္မာကွင်းမြောက်ဘက်၊ ဗားဂရာလမ်း၊ စမ်းချောင်းမြို့နယ်။ Ph ; 511491, 539446,511134
Golden City (II) -လိပ်ကန်အိမ်ရာ ၊ ပုဇွန်တောင် (ပန်းခြံထောင့်)၊ ပုဇွန်တောင်မြို့နယ်။ Ph ; 295398

"အောင်"ပြီး "ချမ်းမြေ့"မှုတွေကို အပြည့်အဝရရှိစေဖို့
"အောင်ချမ်းမြေ့"မှာ သင်တန်းတက်ကြစို့
အောင်ချမ်းမြေ့
ဆေးဝါးကျွမ်းကျင် အကူသင်တန်း၊ သူနာပြု အကူသင်တန်း

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်အငြိမ်းစားများဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားသည်။ သင်တန်းကာလပြီးဆုံးလျှင် နိုင်ငံခြားဆေးပစ္စည်းဆိုင် ချက်ချင်းဖွင့်နိုင်မည်။ ကျွမ်းကျင်သော သူနာပြုအကူဖြစ်မည်။ ရဲရဲကြီးအာမခံသည်။ ဆေးဆိုင်ဖွင့်နိုင်ရေးကူညီမည်။ အလုပ်အကိုင်ရရှိရေးကူညီမည်။ သင်တန်းဆင်းလက်မှတ်ပေးမည်။ သန့်ရှင်းသောသင်တန်းခန်းမများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ နယ်မှ သင်တန်းသား/သူများအတွက် ဘော်ဒါဆောင်ရှိသည်။

တစ်လအထူးသင်တန်းများ
* အပတ်စဉ်(၁၄၄) ၆-၈-၂၀၀၇စမည်။ (တနင်္လာမှ သောကြာနေ့စဉ်) ☞

နှစ်လအထူးသင်တန်းများ
* အပတ်စဉ်(၁၄၅) ၇-၈-၂၀၀၇ စမည်။ (အင်္ဂါ နှင့် ဗုဒ္ဓဟူး) ☞
* အပတ်စဉ်(၁၄၆) ၉-၈-၂၀၀၇စမည်။ (ကြာသပတေးနှင့် သောကြာ) ☞
* အပတ်စဉ်(၁၄၇) ၁၁-၈-၂၀၀၇ စမည်။ (စနေနှင့် တနင်္ဂနွေ) ☞

အချိန်ဇယား
Section(1) 07:00 to 10:30 AM
Section(2) 08:00 to 11:30 AM
Section(3) 09:00 to 12:30 PM
Section(4) 12:30 to 4:00 PM

သုံးလအထူးသင်တန်းများ
* အပတ်စဉ်(၁၄၈) ၁၂-၈-၀၇စမည်။ (တနင်္ဂနွေ တစ်ရက်တည်းသာ) ☞ Section(1) 08:00 to 12:30 PM Section(2) 12:30 to 5:00 PM
* အပတ်စဉ်(၁၄၉) ၁၃-၈-၀၇စမည်။ (တနင်္လာမှ သောကြာ နေ့စဉ်) ☞ Section(1) 07:30 to 08:30 AM

မှတ်ချက်။ ။ Section တစ်ခုလျှင် (၁၅) ဦးသာ လက်ခံသည်။
အထက်ပါသင်တန်းများအတွက် စာရင်းစတင်၍ လက်ခံနေပါသည်။ ခုံနံပါတ်စနစ်ကျင့်သုံးပါသည်။

အမှတ်-၁၆၊ တတိယလွှာ(ပွင့်ရွှေလင်းတာယာနှင့် အလှိုင်းဗိုး ရောင်းဝယ်ရေးဆိုင် အပေါ်ဆုံးထပ်)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဂမုန်းပွင့်ကုန်တိုက်အနီး။
ဖုန်း-၀၉ ၅၁ ၇၅၂၈၅၊ ၅၃၄၈၈၃၊ ၅၃၄၇၃၃
(am-7:00 to pm-9:00) ပိတ်ရက်မရှိပါ။
http://www.acmnursingtraining.com

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဇူလိုင် ၂၉

ယနေ့ မြန်မာစံတော်ချိန် နံနက် ၄နာရီ ၆မိနစ် ၂၅စက္ကန့်အချိန် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် ၂၇၅မိုင်ခန့်အကွာ မြန်မာနိုင်ငံပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကသတင်းထုတ်ပြန်သည်။(သတင်းစဉ်)

7DAY SPORTS journal
သင့်အတွက်
အသစ်လွင်ဆုံး၊ အလတ်ဆတ်ဆုံး၊ အပြည့်စုံဆုံး
အားကစားဆိုင်ရာသတင်းများ၊ သတင်းဆောင်းပါးများ၊ ကဏ္ဍစုံလင်စွာ
ဘောလုံးရသအပြည့်ဖြင့် ယနေ့ထွက်ပြီ။

ထွက်ပြီ
Tel: 01-243 542
09-51-73255

ဦးဘုန်းသန့် (Swiftwinds Travels) ဦးစီးသည့်
TOURISM ENGLISH
ဦးဘုန်းသန့် (Swiftwinds Travels) ဦးစီးပြီး မြန်မာနိုင်ငံခရီးသွား လုပ်ငန်းတွင် လက်တွေ့လုပ်ကိုင်နေကြသော လုပ်သက်ရင့်ဆရာများက သင်ကြားပို့ချပါမည်။
(သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။) (သင်တန်းကာလ (၂) လ)
ဩဂုတ်လ (၆) ရက် စမည်။ Mon to Fri 7:30 to 9:30 AM

INTERNATIONAL AIRTICKET RESERVATION & TICKETING SERVICE COURSE
အပြည်ပြည်ဆိုင်ရာ လေယာဉ်လက်မှတ်ဝန်ဆောင်မှုသင်တန်း
(သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။) (သင်တန်းကာလ (၁) လခွဲ)
ဩဂုတ်လ (၁၅) ရက် စမည်။ Mon to Fri 7:00 to 8:30 AM

ATEC ASIA TRAINING & EDUCATION CENTER
Ph : 386803

တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲတို့ ပူးပေါင်းကျင်းပသော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးပညာပေး (ဆင့်ပွား)သင်တန်းကို ဇူလိုင် ၂၂ ရက်က ရပ်ကွက်ရုံး၌ ကျင်းပရာ ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်ဝေဝေမူ သင်တန်းပို့ချစဉ်။

(၆၃)

The VOICE Weekly
၂၀၀၇ ခုနှစ်၊ ဇူလိုင် (၃၀) ရက်၊ တနင်္လာနေ့၊ အတွဲ(၃)၊ အမှတ်(၄၂)
◆ ခြင်းဖုန်းနေရာတွင် အင်တာနက်ပါသုံးနိုင်သည့် CDMA ဖြင့် အစားထိုးမည်၊
◆ DVD စက်များ မန္တလေးတွင် ထုတ်မည်၊
◆ မြန်မာ-ဂျပန်ဆက်ဆံရေးစာမျက်နှာသစ်ဖွင့်မည်၊
◆ ဆန်လက်လီဈေးပါ သတ်မှတ်ပြီ၊
◆ အွန်လိုင်းဒီဖောင် လေဆိပ်၌ ကွန်ပျူတာဖြင့် စစ်နိုင်ရန်စီစဉ်၊
◆ လမ်းပန်းစက်ခဲသည့်ဒေသများထိ တိုးချဲ့မည့် 'နေ' ဆေးခန်း၊
◆ မန္တလေးကွမ်းယာဆိုင်များ၌ ပလတ်စတစ်အိတ်သုံးစွဲမှုပိတ်၊
◆ စပေါ်ငွေကိုကျော်သွားသည့် တက္ကစီပွဲစား၊
◆ မုံရွာတွင် ပဲတင်ပို့သည့် အများပိုင်ကုမ္ပဏီဖွဲ့ရေးဆွေးနွေး၊
◆ တက္ကသိုလ်ဝင်တန်းအောင်မှတ်စာရင်း ထုတ်ယူနိုင်ပြီ၊
◆ မောင်စူးစမ်းဟောပြောပွဲအပေါ် သခင်တင်မြအမြင်၊
◆ ရေနံဗိုလ်နီကလိန်ကျသမျှ ရုပ်ထွေးခံ့ရသော ကမ္ဘာ့သံတမန်ဆက်ဆံရေး၊
◆ ထိုင်းတပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီးဆွန်သိနှင့်တွေ့ဆုံခြင်း၊ စသည့် လူမှုစီးပွားဆိုင်ရာ သတင်းထူးများ ....
ထွက်ပြီ

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျေးဇူးဆပ်ပါမည်

ယာဉ်နံပါတ် ပ/၃၂၉၁ နှင့် ပတ်သက်သော စာရွက်စာတမ်းများအားလုံးကျပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပြန်လည်ပေးပို့အကြောင်းကြားပါရန်။ **ဖုန်း-၃၈၇၈၁၉ ၀၉-၅၁၂၆၃၁၈**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်/ကျွန်မတို့၏သမီးဖြစ်သူ မမိုးမြတ်စန္ဒာ[၁၂/မဂတ(နိုင်)၀၈၈၇၀၄] ဖြစ်သူသည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝမှန်သမျှအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
ဖခင် ဦးအောင်သန်းဦး [၃/ကကရ(နိုင်)၀၁၈၉၆၁]
မိခင် ဒေါ်နော်ဝင်းတင် [၃/ကကရ(နိုင်)၀၁၉၈၆၆]

ချောင်းဆိုးပြီးအသံဝင်အသံပျက်မှာလဲ မပူနဲ့
လိပ်ခေါင်းထွက်မှာလဲ မကြောက်နဲ့
နိုင်ငံကျော်
ဖွန်ချီ
သလိပ်ပျော်အာသံကောင်းဆေးနဲ့
လိပ်ခေါင်းပျောက်ဆေးရှိတယ်
အမြို့မြို့ဆိုင်တိုင်းတွင်ရနိုင်ပါသည်။
တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - 0708YR06263 တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - 0708YR06286
ပင်ရင်း- အမှတ် (၂၆၁)၊ ရွှေဘုံသာလမ်း(အလယ်)၊ ရန်ကုန်မြို့။ ☎ 01-384651

ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)၌ ရန်ကုန်မြို့ရှိ စေတီပုထိုး၊ ဘုရား၊ ကျောင်းများတွင်

ဥပုသ်သီလ ဆောက်တည်ကြသူများ၊ တရားဘာဝနာ ပွားများအားထုတ်သူများဖြင့် အထူးစည်ကားများပြား

ရန်ကုန် ဇူလိုင် ၂၉

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့) ဖြစ်သည်။“သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ မိန့်မြွက်လဝါဆို”ဟူသော လင်္ကာနှင့်အညီ ဝါဆိုလပြည့်နေ့တွင် ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားသည် သီရိမာယာဒေဝီမိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်တွင် ပဋိသန္ဓေယူတော်မူခြင်း၊ ညသန်းခေါင်ယံတွင် ဆန္နအမတ်ကိုခေါ်၍ ကဏ္ဍကမြင်းတော်ကိုစီးလျက် တောထွက်တော်မူခြင်း၊ နေမင်းလည်းဝင်လုဆဲဆဲ၊ လမင်းလည်းထွက်ပေါ်လုဆဲဆဲ၌ ပဥ္စဝဂ္ဂီ ငါးဦးတို့အား တရားဦး ဓမ္မစက္ကပဝတ္တနဒေသနာတော်ကြီးကိုဟောကြားတော်မူခြင်း စသည့်ဂုဏ်ထူးဝိသေသတို့ဖြင့်ပြည့်စုံသောကြောင့် ဗုဒ္ဓဘာသာဝင်ပြည်သူအပေါင်းတို့၏ နေ့ထူးနေ့မြတ်ကြီးဖြစ်သည်။

ထို့အတူ သံဃာတော်အရှင်သူမြတ်များ ဝါဆိုဝါကပ်ခြင်း အမှုကို စတင်ရသောနေ့ဖြစ်ရာ ယနေ့တွင် ဗုဒ္ဓဘာသာဝင်ပြည်သူများသည် ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲများကျင်းပခြင်း၊ မြတ်စွာဘုရားရှင်နှင့် သံဃာတော်အရှင်သူမြတ်များအား ရွှေကြာသင်္ကန်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်ပူဇော်ခြင်း၊ ဘုရားစေတီကျောင်းကန်များ၌ ဥပုသ်သီတင်း ဆောက်တည်ကြခြင်း၊ မေတ္တာဘာဝနာ၊ ဝိပဿနာဘာဝနာတို့ ပွားများဆင်ခြင်ကြခြင်း၊ အလှူဒါနပြုကြခြင်းတို့ဖြင့် ရန်ကုန်မြို့တော်တစ်ဝန်းလုံး၌ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)က ရွှေတိဂုံစေတီတော်တွင် ဘုရားဖူးကုသိုလ်ယူသူများဖြင့် စည်ကားနေစဉ်။ (ကြေးမုံ)

ရွှေတိဂုံ

ရန်ကုန်မြို့ သိင်္ဂုတ္တရ ကုန်းတော်ပေါ်၌ ရှေးနှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက တည်ထားကိုးကွယ်လာခဲ့သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးတွင် ယနေ့အရုဏ်တက်ချိန်မှစ၍ မုခ်လေးမုခ် အာရုံခံတန်ဆောင်းများရှိ ကကုသန်၊ ကောဏာဂုံ၊ ကဿပနှင့် ဂေါတမ ဗုဒ္ဓဆင်းတုတော်များ၊တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်များနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာနှင့် သစ်သီးဆွမ်း ကပ်လှူကြသူများ၊ ဓမ္မစက္ကပဝတ္တနသုတ် ပါဠိတော်၊ အနတ္တလက္ခဏသုတ်ပါဠိတော်နှင့် ပရိတ်ကြီးပါဠိတော် ရွတ်ဖတ်ပူဇော်ကြသူများ၊ ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေး ဒါနပြုကြသူများ၊ ဆရာတော် သံဃာတော်များ၏ တရားဒေသနာတော် နာကြားကြသူများဖြင့် စည်ကားလျက်ရှိသည်။

အထူးသဖြင့် ရင်ပြင်တော် သန့်ရှင်းရေး ဝေယျာဝစ္စအသင်းများ၊ ဝတ်အသင်းများနှင့်တစ်သီးပုဂ္ဂလအလှူရှင်များ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ စတုဒိသာဒါနပေးလှူပွဲ၊ စုပေါင်းသီလခံယူဆောက်တည်ပွဲ၊တရားအားထုတ်ပွဲများဖြင့် စည်ကားလျက်ရှိပြီး ညပိုင်းတွင်လည်း ဝတ်ရွတ်ပူဇော်ပွဲများဖြင့်စည်ကားလျက်ရှိသည်ကိုတွေ့ရှိရသည်။

ထို့အပြင် ရွှေတိဂုံစေတီတော်၌ အရေးပေါ် ကျန်းမာရေးဆေးခန်းဖွင့်ပွဲနှင့် ဆေးလိပ်ကင်းဇုန်အဖြစ် စတင်သတ်မှတ်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပသည်။

မဟာဝိဇယ

မဟာဝိဇယ စေတီတော်၌ ဂေါပကအဖွဲ့ကကြီးမှူး၍ ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် ဝါတွင်းသုံးလပတ်လုံးနေ့စဉ်ဝတ်အသင်း

စာမျက်နှာ ၈ ကော်လံ ၁ သို့ ⇨

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

မြတ်ဗုဒ္ဓ၏ တရားဦး

တရားဦးဓမ္မစကြာကား မြတ်ဗုဒ္ဓ၏ တရားဦးဖြစ်ရုံသာမက ဗုဒ္ဓဝါဒကိုကြေညာ၍ ၄၅ဝါပတ်လုံး ဟောကြားတော်မူအပ်သော တရားတော်၏ အနှစ်ချုပ်တရားတော်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် တရားဟောတော်မူတိုင်း သစ္စာလေးပါး တရားတော်ကို အထွတ်တပ်၍ ဟောတော်မူသည်။ ဓမ္မစကြာကား သစ္စာလေးပါးတရားကိုဟောကြားခြင်းဖြစ်သည်။

ဒွေးလွင် (ဆားလင်းကြီး)၏
“**မြတ်ဗုဒ္ဓ၏တရားဦး**” (ဆောင်းပါး) စာမျက်နှာ – ၃